မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ရက်၊ ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေမှန်သိရှိမှ နိုင်ငံတော်က လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်မည်

စိုက်ကေနှင့် အထွက်နှုန်းမှန်ကန်ရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်

ကျေးရွာအကျိုးစီးပွားဖြစ်ထွန်းမည့်လုပ်ငန်းများကို ကျေးရွာလူကြီးများက တက်ညီလက်ညီဝိုင်းဝန်း

Cyclone Shelter များ အပါအဝင် အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့ရေးထိန်းသိမ်း

နေပြည်တော် ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၉ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၈နာရီခွဲတွင် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❍

ကျေးရွာများရှိ ကလေးများ ပညာတတ်မြောက်စေရေးအတွက် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေး၊ ကျောင်းနေ ကလေးတိုင်း ကျောင်းနေမြဲရေးနှင့် အတန်းစဉ်ဆက် ပညာသင်ကြားရေးကို မိဘများအား စည်းရုံးဆောင်ရွက်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရာဇူဒိုင်တံတား အမှတ်(၁)၏ မော်လမြိုင်ကျွန်းဘက်ကမ်း၌ ဘိုးပိုင်တူးခြင်းလုပ်ငန်းနှင့် ရေလယ်တိုင်များ သံရက်မတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၁ ရက်)

ဆည်ရေအကျိုးဖြင့် စိုက်ပျိုးသီးနှံ အထွက်တိုးဖို့

စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ အဓိကလိုအပ်သည်။ စိုက်ပျိုးရေ လုံလောက်စွာရရှိရန်အတွက် နိုင်ငံတော်က နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဖြည့်ဆည်းပေးလျက် ရှိသည်။

ယင်းသို့ဖြည့်ဆည်းပေးရာတွင် ဆည်တမံစီမံကိန်းများ၊ ရေထိန်းတံခါးစီမံကိန်းများ၊ မြေအောက်ရေ ရရှိရေး စီမံကိန်းများကို အကောင်အထည်ဖော်ပေးလျက် ရှိသည်။

နိုင်ငံတော်အစိုးရလက်ထက် ရေလှောင်တမံစီမံကိန်းပေါင်း ၂၂၈ခု၊ မြစ်ရေတင်စီမံကိန်းပေါင်း ၃၂၂ခု၊ မြေအောက်ရေရရှိရေးအတွက် ရေတွင်းပေါင်း ၇၉၆၂တွင်းသာမက ဆည်ငယ်ကန်ငယ်များကိုလည်း ပြုပြင်တည်ဆောက်ပေးခဲ့သည်။ ယင်းသို့တည်ဆောက်ပေးမှုကြောင့် လယ်မြေဧကပေါင်း ၃ဒသမ ၆သန်းကျော် ရေသွင်းစိုက်ပျိုးနိုင်ပြီ ဖြစ်သည်။

စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် ခတက္ကန်ကျေးရွာ ဇောဓိတထောင် လေးကျွန်းစကြာရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအနီးရှိ ဇောဓိတထောင်ရေလှောင်တမံကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး၊ သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် ရေလှောင်တမံ အကြီးစား၊ အလတ်စား၊ တမံအငယ်စားများကို တည်ဆောက်ပေးလျက်ရှိရာ ဇောဓိတထောင်ရေလှောင်တမံလည်း ပါဝင်ပေသည်။

ဇောဓိတထောင်ရေလှောင်တမံသည် ဒေသစိမ်းလန်းစိုပြည်ရေးနှင့် လယ်ယာမြေစိုက်ပျိုးဧရိယာ ဧက၁၀၀ ရေပေးဝေနိုင်မည်သာမက စိုက်ပျိုးရေ၊ သုံးရေအဖြစ် တစ်နေ့လျှင် ရေဂါလန်သုံးသောင်းကို ဖြန့်ဝေပေးနိုင်မည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကဏ္ဍတွင် အောင်မြင်ဖြစ်ထွန်းရန် လိုအပ်သောအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ တောင်သူများကလည်း ဆည်ရေကို အကျိုးရှိရှိအသုံးချ၍ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသော သီးနှံများကို စိုက်ပျိုးကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက် သီးနှံအထွက်တိုးရေး ကြိုးပမ်းစိုက်ပျိုးသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တကောင်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် အသက်ကယ် အောက်စီဂျင်ဘူး လှူဒါန်း

တကောင်း ဇန်နဝါရီ ၁၀

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် တကောင်းမြို့ ပြည်သူ့ဆေးရုံအတွက် အသက်ကယ်အောက်စီဂျင်ဘူး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ရက် မွန်းလွဲပိုင်းက တကောင်းမြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ခိုင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီမြင့်နှင့်အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစံကြည်နှင့်ဆေးရုံဝန်ထမ်းများ၊ အလှူရှင်မိသားစုဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ခိုင်ထွန်းက အမှာစကားပြောကြားပြီး ဆရာဝန်ကြီး ဒေါက်တာစံကြည်က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများနှင့် အသက်ကယ်အောက်စီဂျင်ဘူး ပေးအပ်လှူဒါန်းရခြင်းကြောင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် အလှူရှင် တကောင်းမြို့နယ် အမှတ် (၁)ရပ်ကွက်နေ ဦးဝင်းဌေးအောင်နှင့် ဇနီးဒေါ်သန်းနွဲ့မိသားစုတို့က ငွေကျပ် ၁၆၀၀၀၀တန်ဖိုးရှိ အသက်ကယ် အောက်စီဂျင်ဘူးကို ဆရာဝန်ကြီး ဒေါက်တာစံကြည်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယခုတစ်ပတ်ထုတ် ရွှေနိုင်ငံသတင်းဂျာနယ် ထွက်နေပြီ

နေပြည်တော် ဇန်နဝါရီ ၁၀

ယခုတစ်ပတ် သတင်းဂျာနယ်တွင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၂)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားသည့် သတင်း၊ မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ကြီးမှူးကျင်းပသည့် (၁၂)ကြိမ်မြောက် ဘင်းမ်စတက်အဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား တက်ရောက်၊ ခေတ်မီဆက်သွယ်ရေးလမ်းကြောင်းများ တိုးတက်ကောင်းမွန်အောင် တိုးချဲ့ဆောင်ရွက်၊ ကျိုင်းတုံတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ ကျင်းပ၊ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်ပေးထား၊ လူ့စွမ်းအားအရင်းအမြစ်များအား အမျိုးသားရေး ယုံကြည်ချက်ဖြင့် ပြုစုပျိုးထောင်၊ သတင်းအချက်အလက် နည်းပညာခေတ်၌ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်ရေး၊ ရတနာပုံနည်းပညာမြို့ထူထောင်၍ အိုင်တီစက်မှုလုပ်ငန်းများကို ပျိုးထောင်အားပေးလျက်ရှိ အပါအဝင် ဒေသဆိုင်ရာ နိုင်ငံအကျိုးပြုသတင်းများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ စစ်တမ်း(၁၆)၊ အနာဂတ်အစိုးရ၏ ဖွဲ့စည်းမှု ပုံသဏ္ဌာန်၊ ရွှေနိုင်ငံတော်ထဲမှ ရွှေစံနမူနာများ(၁၄)နှင့် နိုင်ငံတကာသတင်းများ ဖော်ပြထားသည်။

ဂျာနယ်ဝယ်ယူရရှိနိုင်သောနေရာများမှာ စာပေဗိမာန်စာအုပ်ဆိုင် မဟာဗန္ဓုလလမ်း ဝါမိုးအောင်စာပေနှင့် ဂျာနယ်တိုက်တည်ရှိရာ အမှတ်(၈) ပန်းခြံတာဝါ ဗားဂရာလမ်းနှင့် ဓမ္မစေတီလမ်းတွင် ဝယ်ယူရရှိနိုင်ကြောင်းနှင့် စာမူများပေးပို့လိုပါက စာတည်းမှူးချုပ် အမှတ်(၈) ပန်းခြံတာဝါ ဗားဂရာလမ်းနှင့် ဓမ္မစေတီလမ်း ဖုန်း-၅၃၈၃၀၂ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လမ်းပခုံးပြုပြင်

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အောင်ပန်းမြို့ ပြည်သာယာဈေးအဝင် လမ်းဘေးဝဲယာရှိ လမ်းပခုံးအား လမ်းနှင့် လိုက်လျောညီထွေမှုရှိစေရေး ဆောင်ရွက်နေမှုကို ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင် ရှင်းလင်းပြသစဉ်။

(သတင်းစဉ်)

နေပြည်တော် တပ်ကုန်း၌ နှောင်သခ်ါကျေးရွာ အလင်းအိမ်စာကြည့်တိုက်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၀

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် နှောင်သခ်ါကျေးရွာ အလင်းအိမ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် အလှူငွေ၊ စာအုပ်၊ စာစောင်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက်၉နာရီက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အုန်းလှိုင်၊ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေနှင့် မြို့နယ်ဦးစီးမှူး ဦးတင်ထူး၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အုန်းလှိုင်၊ ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် ခရိုင်ဦးစီးအရာရှိ ဦးအေးဖေတို့က အမှာစကားပြောကြားပြီး ကျေးရွာပြည်သူများကိုယ်စား စာကြည့်တိုက်ကော်မတီဝင် ဦးစိုးလင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဖွင့်လှစ်ပေး

ထို့နောက် အလှူရှင်များက အလှူငွေ နှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းပြီး အလင်းအိမ်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အုန်းလှိုင်၊ ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသက်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆောက်လုပ်

အဆိုပါ စာကြည့်တိုက်ကို အလှူရှင် ဦးသာဌေး-ဒေါ်ကြည်ခင် (Original Group) ကုမ္ပဏီမိသားစုတို့က မတည်ငွေကျပ် ၁၀သိန်းနှင့် ကျေးရွာပြည်သူများ၏ ပါဝင်လှူဒါန်းငွေကျပ် ၁၈သိန်း စုစုပေါင်း ငွေကျပ် ၂၈သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

ဒီဇင်ဘာ ၂၉ရက်က မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှု သရုပ်ပြ လေ့ကျင့်ပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက် ၈၅လမ်းနှင့် ၃၃လမ်းထောင့်ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၆၀၆)တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကြည်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြည်လွင်၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးမြကြိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်နိုင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံညွန့်၊ စက်သုံးဆီ အရောင်းဆိုင်မန်နေဂျာ ဦးမြင့်မောင်၊ စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများက လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြသစဉ်။

(မြို့နယ်မီးသတ်)

မြဝတီရုပ်မြင်သံကြား

၁၁-၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	မြန်မာစာ မြန်မာစကား
၄း၃၅	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၅း၂၀	၇။	စိုက်ပျိုးသုတ
၅း၃၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၉)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	Talk of the Town
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အရှုဏ်ဦးအချစ်** (အပိုင်း-၂၀)
	၂၄။	သင့်အတွက်မနက်ဖြန်

ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြေသားတမံကမ်းထိန်းလုပ်ငန်း စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၈ရက် နံနက်ပိုင်းက ခန္တီးလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့တည်ဆောက်ပြီးစီးမှုနှင့် မြေသားတမံကမ်းထိန်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ ပင်မဆောင် (သံကူကွန်ကရစ်နှစ်ထပ်) တည်ဆောက်နေမှုနှင့် ကျောင်းသားကျောင်းသူများ၏ လက်တွေ့လေ့ကျင့် ပညာသင်ကြားနေမှု တို့ကို ကြည့်ရှုစစ်ဆေးကာ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအားလည်းကောင်း၊ ခရိုင်ရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအားလည်းကောင်း တွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ခန္တီးလေဆိပ်၌ မြေသားတမံ ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီးဦးအောင်သောင်း မန္တလေးစက်မှုဇုန်ရှိ မန္တလေးတော်ဝင် စက်မှုလက်မှု ကုမ္ပဏီလီမိတက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု -၁)

ပြည်ပသွင်းကုန် အစားထိုးပစ္စည်းများ ပိုမိုထုတ်လုပ် ခေတ်နှင့်အညီ အတတ်ပညာဗဟုသုတ ဆည်းပူးလေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၀

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ဇန်နဝါရီ ၉ရက် နံနက်ပိုင်းက မန္တလေးစက်မှုဇုန်ရှိ မန္တလေး တော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက်သို့ရောက်ရှိပြီး Machine Shop. 2ရှိ ရေစုပ်စက်ပန့်များ၊ သွင်းကုန်အစားထိုး လယ်ယာသုံးစက်ပစ္စည်း အစိတ်အပိုင်းများ စက်ခုတ်စားမှု အခြေအနေ၊ Forging ဌာန၌ ကျောက်ခွဲစက် Jaw ပြားများနှင့် Steel Ball များ ထုတ်လုပ်မှု၊ သံရည်ကျိုပုံလောင်းဌာန၏ သံရည်ကျိုပုံလောင်းနေမှုနှင့် ဖော့ပြားများဖြင့် မိုလ်ပုံစံထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က လိုက်လံ ရှင်းလင်းတင်ပြသည်။

ဆည်းပူးလေ့လာ

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးစက်မှုဇုန် လုပ်ငန်းရှင်များနှင့် မန္တလေးတော်ဝင် စက်မှုလက်မှု ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ တွေ့ဆုံရာ တော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌက ကုမ္ပဏီလီမိတက်၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းအခြေအနေနှင့် တိုးတက်ထုတ်လုပ်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ပြည်ပသွင်းကုန် အစားထိုးပစ္စည်းများ၊ ပိုမိုထုတ်လုပ်ကြရန်နှင့် ခေတ်နှင့်အညီ အတတ်ပညာဗဟုသုတများ ပိုမိုရရှိအောင် ဆည်းပူးလေ့လာကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဦးအောင်သောင်းသည် ဇန်နဝါရီ ၁၀ရက် မွန်းလွဲပိုင်းတွင် မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(မြစ်သား)သို့ ရောက်ရှိပြီး ကုန်ကြမ်းသိုလှောင်ရုံ၌ ငွေချည်(၆)ချည်မျှင်ရှည်ဝါများ စနစ်တကျသိုလှောင်ထားရှိမှုနှင့် စက်အရန်ပစ္စည်းများ စနစ်တကျထားသိုမှု၊ ဝါဖန်ဌာနစိတ်၏ ကုန်ထုတ်လုပ်ငန်း အဆင့်ဆင့် စက်ရုံမှထွက်ရှိသော ချည်များ၏ အရည်အသွေး၊ ရက်လုပ်ထားသော ချည်ချောပိတ် ဒီဇိုင်းများနှင့် စက်ရုံမှ ထုတ်လုပ်ထားသော အရည်အသွေးအဆင့်မီ ချည်လုံးများ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံနှင့်ပြည်သူ အကျိုးပြုမည့် တရားသူကြီးဖြစ်ရန် ကြိုးစား

ရန်ကုန် ဇန်နဝါရီ ၁၀

ဒုတိယမြို့နယ် တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ တရားရုံးချုပ် အဆောက်အအုံအစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများနှင့် ဒုတိယ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းတရားသူကြီးနှင့် တွဲဖက်တိုင်းတရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများနှင့် သင်တန်းသား သင်တန်းသူ ၂၉ဦး တက်ရောက်ကြသည်။

မှာကြား

အခမ်းအနားတွင် တရားသူကြီးချုပ် ဦးအောင်တိုးက သင်တန်းမှ ရရှိခဲ့သော အတွေ့အကြုံများကို မိမိတို့လုပ်ငန်းခွင်၌ အကျိုးရှိစွာ လက်တွေ့ကျကျ လိုက်နာဆောင်ရွက်ရင်းနှင့် လက်တွေ့နယ်ပယ်၌ တွေ့ကြုံကြရသော အတွေ့အကြုံကောင်းများကို လေ့လာဆည်းပူး မှတ်သားကြရန်၊ တရားစီရင်ရေးတာဝန်ကို ဆောင်ရွက်ကြသည့်အခါ ရိုးရိုးသားသား ဥပဒေနှင့်အညီ အမှန်အတိုင်း အဂတိတရား လေးပါး ကင်းကင်းရှင်းရှင်းနှင့် ကြိုးစားဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ မူဝါဒပိုင်းဆိုင်ရာ ကိစ္စများကို မျက်ခြည်မပြတ်လေ့လာပြီး နိုင်ငံနှင့် ပြည်သူများကို အကျိုးပြုမည့် တရားသူကြီးများဖြစ်အောင် အထူးကြိုးစား ဆောင်ရွက်ကြရန် မှာကြားသည်။

ပေးအပ်

ယင်းနောက် တရားသူကြီးချုပ်က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။ အဆိုပါသင်တန်းမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရင်ဆိုင် အတွေ့

ကမ္ဘောဇ တိုက်စစ်မှူး စိုးမင်းဦးနှင့် ရတနာပုံနောက်ခံလူ ဂျီနွန်ဆီယန်တို့ ရင်ဆိုင် အတွေ့။
(မြန်မာ့အလင်း)

ချန်ပီယံဆုအတွက် အများမခံတဲ့ ရတနာပုံ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း- ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၁၀

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၅၂)ကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရတနာပုံအသင်းက ကမ္ဘောဇအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားပါတယ်။

ရတနာပုံ - တစ်ဂိုး
ကမ္ဘောဇ - ဂိုးမရှိ

ထိပ်ဆုံးနေရာမှ ငါးမှတ်အသာနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုတွေကြောင့် ဒုတိယနေရာက ဒဲလ်တာယူနိုက်တက်၊ တတိယနေရာက ကမ္ဘောဇအသင်းတို့ရဲ့ ဖိအားပေးမှုတွေခံခဲ့ရတဲ့ ရတနာပုံအသင်းအတွက် အခုပွဲဟာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲ ဖြစ်လာခဲ့ပါတယ်။ အခုပွဲအနိုင်ရရင် ချန်ပီယံဆုကိုရရှိဖို့ အလားအလာ အကောင်းဆုံး အနေအထားဖြစ်သွားမှာဖြစ်လို့ အားထည့်ကစားသွားခဲ့ပြီးနောက် နောက်ခံလူကမ်ဘူးရဲ့ဂိုးနဲ့ အနိုင်ရရှိသွားတာဖြစ်ပါတယ်။ နှစ်ပွဲဆက် နိုင်ပွဲပျောက်ထားတဲ့ ရတနာပုံအသင်းဟာ အခုပွဲအတွက် အပြောင်းအလဲတွေ လုပ်ထားပြီး နောက်ခံလူကျော်ခိုင်ဝင်းကို ကွင်းလယ်ခံစစ်မှာ ထားကစားခဲ့ပြီး နောက်တန်းဘယ်အစွန်လူကမ်ဘူးကို ခံစစ်အတွင်းမှာ ဂျီနွန်ဆီယန်နဲ့ တွဲပေးခဲ့ပါတယ်။ ဂိုးသမားယဉ်မင်းအောင်ပြန်ပါလာတာကြောင့်လည်း ရတနာပုံအသင်း ဂိုးပေါက် လုံခြုံခဲ့တာပါ။

ရတနာပုံ

ရတနာပုံအသင်းဟာ ရှေ့မှာ ရန်ပိုင်ကို အထောင်ထားပြီး ထွန်းထွန်းဝင်း၊ မက်သယူး၊ ပိုင်စိုးတို့နဲ့ ဂိုးရဖို့ကြိုးစားခဲ့ပါတယ်။ ရတနာပုံရဲ့ ပထမပိုင်းကစားပုံကတော့ အားရစရာမရှိခဲ့ဘဲ ကမ္ဘောဇနောက်တန်း ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ကမ္ဘောဇ နောက်တန်း အမှားမရှိဘဲ ဖျက်ထုတ်နိုင်ခဲ့ပေမယ့် ၄၁မိနစ်မှာတော့ ရတနာပုံအသင်းက အနိုင်ဂိုးသွင်းယူသွားပါတယ်။ နောက်ခံလူကမ်ဘူးက အဝေးကနေ လှလှပပ ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ ရတနာပုံအသင်းဟာ အနိုင်ဂိုးကို ထိန်းပြီး ဂိုးထပ်ရဖို့ ကြိုးစားခဲ့ပါတယ်။ ဘာဘိုဝင်လာပြီးနောက်ပိုင်းမှာ ရတနာပုံတိုက်စစ် ပိုကောင်းခဲ့ပေမယ့် ဂိုးတော့ထပ်မရခဲ့ပါဘူး။

ကမ္ဘောဇ

ကမ္ဘောဇအသင်းကတော့ ရတနာပုံအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ချန်ပီယံ မျှော်လင့်ချက်တွေ အဆုံးသတ်ခဲ့ရပါတယ်။ ကမ္ဘောဇအသင်းဟာ အခုပွဲအနိုင်ရရင် ချန်ပီယံ မျှော်လင့်ချက်တွေရှိနေခဲ့ပေမယ့် အကောင်းဆုံး ခြေစွမ်းထုတ်မပြနိုင်ဘဲ အရေးနိမ့်ခဲ့ရတာပါ။ ကမ္ဘောဇအသင်းဟာ ပထမပိုင်း ကစားပုံကောင်းခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ လူစားလဲတာတွေ နောက်ကျခဲ့လို့ ချေပဂိုးမရခဲ့ပါဘူး။ ကွင်းလယ်မှာ ခြေစွမ်းမပြနိုင်တဲ့ အေးဆန်းနဲ့ အောင်ကျော်ဦးတို့ကို အစောကြီးကတည်းက လူစားလဲသင့်ပေမယ့် မိနစ် ၈၀ကျော်မှ လူစားလဲခဲ့လို့ ကစားကွက် အသာမရခဲ့ဘဲ ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။ အခုပွဲအနိုင်ရခဲ့လို့ ရတနာပုံအသင်းက ရမှတ် ၂၉မှတ်နဲ့ ဗိုလ်စွဲဖို့ အလားအလာ ကောင်းသွားပြီး နောက်ဆုံးပွဲမှာ ရန်ကုန် ယူနိုက်တက်နဲ့ ကစားရမှာ ဖြစ်ပါတယ်။ ဒုတိယနေရာမှ ဒဲလ်တာက ၂၆မှတ်ရထားပြီး ချန်ပီယံဆုအတွက် ဒဲလ်တာ-ဥဿာပွဲက အဆုံးအဖြတ်ပေးမှာ ဖြစ်ပါတယ်။ ။

၁၃-၁-၂၀၁၀

ဆောက်သမ်းမြန်မာ-ဇေယျာရွှေမြေ
(မြန်မာ့အလင်း)

ပြည်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လေ့ကျင့်မှု သရုပ်ပြ

နေပြည်တော် ဇန်နဝါရီ ၁၀

သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း) မြန်မာ့သစ်လုပ်ငန်း အခြေစိုက် အလုပ်ရုံ(ပြည်)၏ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လေ့ကျင့်မှု သရုပ်ပြပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ရက် မွန်းလွဲ ၃ နာရီတွင် အဆိုပါအလုပ်ရုံ၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) မြန်မာ့သစ်လုပ်ငန်းအခြေစိုက်အလုပ်ရုံ (ပြည်)မန်နေဂျာ အင်ဂျင်နီယာဦးနေဝင်းနှင့် ဝန်ထမ်းများ၊ ပြည်ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းနှင့် တာဝန်ရှိသူများ၊ ပြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးကျော်ထွဋ်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

အခမ်းအနားတွင် အင်ဂျင်နီယာ ဦးနေဝင်းက အမှာစကားပြောကြားပြီး မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းက သဘာဝမီးဘေး ကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် မီးဘေးကြိုတင်ကာကွယ်ရေး အတွက် ပြည်ခရိုင်မီးသတ်ဦးစီးဌာနမှ ဒုတိယတပ်ကြပ်လှုဇော်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ဆေးဘူးများဖြင့်လည်းကောင်း၊ မီးသတ်စက်ယာဉ်များဖြင့်လည်းကောင်း မီးငြိမ်းသတ်မှုကို လက်တွေ့ သရုပ်ပြသကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

တရုတ်စီးပွားပွံ့ဖြိုးမှု ပြည်ပပို့ကုန်ကဏ္ဍ ထိပ်ဆုံးမှနေရာယူလျက်ရှိ

ပေကျင်း ဇန်နဝါရီ ၁၀

ကမ္ဘာတစ်ဝန်း စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရချိန်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ဦးမော့လာလျက်ရှိပြီး ပြည်ပပို့ကုန်ကဏ္ဍ၌ ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေသည်။

၎င်းနိုင်ငံ၌ ယခင်နှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ပြည်ပပို့ကုန်ပမာဏတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၁သမ ၀၇ထရီလီယံသို့ ရောက်ရှိခဲ့သည်။ ယင်းမှာဂျာမနီနိုင်ငံ၏ ပြည်ပပို့ကုန်ပမာဏတန်ဖိုးထက်ပိုခဲ့ကြောင်း ဇန်နဝါရီ ၈ရက်တွင် အေအက်ဖ်ပီ သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ဖော်ပြ

၂၀၀၇ခုနှစ်အတွင်းက ကမ္ဘာပေါ်တွင် တတိယအဆင့်ရှိ စီးပွားရေးအင်အားကြီးမားသည့် ဂျာမနီနိုင်ငံကို တရုတ်နိုင်ငံမှ အဆင့်မီလာလျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

လျော့ကျ

လက်ရှိတွင် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် စီးပွားရေးကျဆင်းလျက်ရှိရာ အမေရိကန်နိုင်ငံပြီးလျှင် ဂျပန်နိုင်ငံမှာ စီးပွားရေးဒုတိယမြောက် လျော့ကျလျက်ရှိသည်။

(အင်တာနက်)

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်စတင်ရန် ပါလက်စတိုင်း ငြင်းပယ်

ဂါဇာ(ရာမာလာ) ဇန်နဝါရီ ၁၀

တုန့်ဆိုင်းနေသော ပါလက်စတိုင်း-အစ္စရေးဆွေးနွေးမှုများကို ကြိုတင်စည်းကမ်းချက်သတ်မှတ်မထားဘဲ ပြန်လည်စတင်ရန် အမေရိကန်ပြည်ထောင်စု၏ မေတ္တာရပ်ခံချက်ကို ပါလက်စတိုင်း အမျိုးသားအာဏာပိုင်အဖွဲ့ (ပီအင်န်အေ)က ဇန်နဝါရီ ၉ရက်တွင် လက်မခံဘဲ ငြင်းပယ်လိုက်သည်။

ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းနှင့် အရှေ့ဂျေရုဆလင်တို့ရှိ မတင်မကျဖြစ်နေသော လူနေအိမ်များကိစ္စ ဖြေရှင်းပေးရန်လည်း ပီအင်န်အေက တောင်းဆိုသည်။

ထိုအတောအတွင်း ဆွေးနွေးပွဲပြန်လည်စတင်ရေး မည်သည့် တောင်းဆိုချက်ကိုမဆို လက်မခံဘဲဆန့်ကျင်ရန် ဂါဇာကမ်းမြောင် ဒေသအာဏာရ အစ္စလာမ္မစ်ဟားမတ်စ် လှုပ်ရှားမှုအဖွဲ့က ပီအင်န်အေကို သတိပေးလိုက်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အစ္စရေးနိုင်ငံသည်သာ အကျိုးကျေးဇူး ခံစားရမည်ဆိုသည်ကိုလည်း ဟားမတ်စ်အုပ်စုက သတိပေးလိုက်ကြောင်း သတင်းရရှိသည်။

(အင်တာနက်)

ဓာတ်ဝင်ခန်း

ရုရှားနိုင်ငံ မော်စကို မြို့ရှိ အားကစားရုံ၌ ကွန်ဖူး ပန်ဒါ ဓာတ်ကား အတွက် ဓာတ်ဝင်ခန်း ရိုက်ကူး နေ သည် ကို ဇန်နဝါရီ ၈ ရက်က တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)

အပျော်စီးရေယာဉ်ပြပွဲ

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် မြို့တော် ရှန်ယန်းမြို့ ၂၀၁၀ နိုင်ငံတကာ အပျော်စီးရေယာဉ်ပြပွဲတွင် ပြသထားသော ရွက်လှေကြီးကို ဇန်နဝါရီ ၉ရက်က တွေ့ရစဉ်။ (အဆိုပါ ပြပွဲကို ဇန်နဝါရီ ၈ ရက်မှ စတင်၍ သုံးရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

အကြမ်းဖက်တိုက်ဖျက်ရေး စာချုပ်များ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယတို့ ချုပ်ဆိုမည်

နယူးဒေလီ ဇန်နဝါရီ ၁၀

အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် လာမည့်သီတင်းပတ်တွင် အိန္ဒိယနိုင်ငံသို့ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ သွားရောက်လည်ပတ်သည့်အခါ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးစာချုပ် သုံးခုကို လက်မှတ်ရေးထိုး ချုပ်ဆိုကြလိမ့်မည်ဟု အဆင့်မြင့် အစိုးရသတင်းရပ်ကွက်က ဇန်နဝါရီ ၉ ရက်တွင် ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် နှင့်အိန္ဒိယနိုင်ငံတို့သည် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနှင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ပြည်နယ်များမှ ခွဲထွက်ရေးသမားများ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်မပြေးနိုင်အောင် ကြိုးပမ်းသည့်အနေဖြင့် ဂိုဏ်းဖွဲ့ ရာဇဝတ်မှုခင်းများ နှိမ်နင်းရေးတို့ဆိုင်ရာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုး ချုပ်ဆိုကြလိမ့်မည် ဖြစ်ကြောင်း၊ ထိုစာချုပ်များချုပ်ဆိုသည့် အပြင် လျှပ်စစ်ဓာတ်အားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကိုလည်း လက်မှတ်ရေးထိုး ချုပ်ဆိုကြလိမ့်မည်ဖြစ်ကြောင်း အဆိုပါ သတင်းရပ်ကွက်ကပြောကြားသည်။

သဘောတူ

အကြမ်းဖက်မှုဆိုင်ရာ သဘောတူစာချုပ်သုံးခုမှာ ရာဇဝတ်မှုနှိမ်နင်းရေးဆိုင်ရာဥပဒေအရ အပြန်အလှန်အကူအညီပေးရေးသဘောတူစာချုပ်၊ ပြစ်ဒဏ်ကျခံနေရသူများလွှဲပြောင်းပေးရေး သဘောတူစာချုပ်နှင့် နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေး သဘောတူစာချုပ်များ ဖြစ်သည်ဟု သိရသည်။ ထိုစာချုပ်များအပြင် လျှပ်စစ်ဓာတ်အားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကိုလည်း လက်မှတ်ရေးထိုးမည်ဖြစ်သည်။

(အင်တာနက်)

အမေရိကန် စစ်လေယာဉ်ကိုတားဆီးရန် ဗင်နီဇွဲလား တိုက်လေယာဉ်များစေလွှတ်

ကရာကတ်စ် ဇန်နဝါရီ ၁၀

ဗင်နီဇွဲလားနိုင်ငံ လေကြောင်းပိုင်နက်အတွင်း ကျူးကျော်လာသည်ဆိုသော အမေရိကန်စစ်လေယာဉ်ကို တားဆီးရန် ဗင်နီဇွဲလားအစိုးရက အက်ဖ်-၁၆ တိုက်လေယာဉ်နှစ်စင်းကို အမြန်စေလွှတ်လိုက်ရသည်ဟု ရိုက်တာသတင်း၌ ဖော်ပြပါရှိသည်။

လေကြောင်းပိုင်နက် ကျူးကျော်ဝင်ရောက်သည့် အမေရိကန်လေကြောင်းကင်းလှည့်လေယာဉ်ကို တိုက်ခိုက်ရန် ဗင်နီဇွဲလား တိုက်လေယာဉ်မှူးများအား သမ္မတချာဗက်ဇ်က အမိန့်ပေးထားသည်ဟု ဆိုသည်။

ထိုအတောအတွင်း ဗင်နီဇွဲလား၏ စွပ်စွဲချက်များမှာ မဟုတ်မှန်ကြောင်း အမေရိကန်စစ်ဌာနချုပ်အရာရှိများက ငြင်းဆိုပြီး အဆိုပါဖြစ်ရပ်ကို သတိမပြုမိကြောင်း ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အင်္ဂလန်နိုင်ငံ ဟမ်ရှိုင်းယားမြို့ရှိ နှင်းရုပ်တုပွဲတော်ကို ဇန်နဝါရီ ၉ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပိုလီယိုကာကွယ်ဆေး ဘင်္ဂလားဒေ့ရှ်၌ တိုက်ကျွေး

ဒါကာ ဇန်နဝါရီ ၁၀

ဘင်္ဂလားဒေ့ရှ်အစိုးရသည် (၁၈)ကြိမ်မြောက် အမျိုးသားကာကွယ်ဆေးတိုက်နေ့အတွင်း အသက်ငါးနှစ်အောက်ကလေးငယ် ၂၂သန်းကျော်ကို ဇန်နဝါရီ ၁၀ရက်မှစတင်၍ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တိုက်ကျွေး

အသက်ငါးနှစ်အောက် ကလေးငယ်တိုင်းကို ပိုလီယိုကာကွယ်ဆေးနှစ်စက်တိုက်ကျွေးပြီး အသက် ၁၂လမှ ၅၉လအတွင်းရှိ ကလေးငယ်များကို ဗီတာမင်အေ ဆေးတောင့်တစ်လုံးစီနှင့် အသက်၂၄လမှ ၅၉လအတွင်းရှိ ကလေးငယ်များကို ဒီ-ဝမ်းမင်းဆေးပြားတစ်ပြားစီ တိုက်ကျွေးသည်ဟု သိရသည်။

ရပ်တည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၀၆ခုနှစ် နိုဝင်ဘာ ၂၂ရက်မှစတင်ကာ ပိုလီယိုကင်းစင်သောနိုင်ငံအဖြစ် အောင်မြင်စွာ ရပ်တည်နိုင်ခဲ့သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အာဖဂန် တောင်ပိုင်းဒေသ၌ ဗုံးပေါက်ကွဲမှု ဆက်တိုက်ဖြစ်ပွား

ကဘူးလ် ဇန်နဝါရီ ၁၀

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း အော်ရူဂန်ပြည်နယ် တာရင်ကော့မြို့အနီး၌ ဇန်နဝါရီ ၈ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အရပ်သား သုံးဦး ပြင်းထန်စွာဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ထပ်လောင်းပြောကြား

ထပ်မံ၍ နာရီအနည်းငယ်အတွင်း လမ်းဘေးဗုံးပေါက်ကွဲပြန်ရာ အာဖဂန်တပ်ဖွဲ့ဝင် ရှစ်ဦးဒဏ်ရာပြင်းထန်စွာရရှိပြီး သေဆုံးခဲ့ကြောင်း ထပ်လောင်းပြောကြားသည်။

ယင်းအကြမ်းဖက် တိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သူမည်ဝါဖြစ်သည်ကို အခိုင်အမာ မပြောဆိုနိုင်သေးပေ။

သေဆုံး

ယခုရက်သတ္တပတ် အစောပိုင်းက အာဖဂန်နိုင်ငံအရှေ့ပိုင်း ပက်တီရာ ပြည်နယ်နှင့် ခို့စ်ပြည်နယ်တို့၌ အကြမ်းဖက် ဗုံးဖောက်ခွဲတိုက်မှုကြောင့် လူ ၄၀သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

(အင်တာနက်)

ဆိုမာလီ၌ ဗုံးပေါက်ကွဲမှု တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

မိုဂါဒစ်ရှူး ဇန်နဝါရီ ၁၀

ဆိုမာလီနိုင်ငံ၏မြို့တော် မိုဂါဒစ်ရှူးတွင် ထိပ်တန်းစစ်ဘက် တပ်မှူးတစ်ဦး၏ မော်တော်ယာဉ်တန်း မြေမြှုပ်မိုင်း နင်းမိသဖြင့် ဆိုမာလီတပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အခြားတပ်ဖွဲ့ဝင်လေးဦး အပြင်းအထန် ဒဏ်ရာရရှိကြောင်း အင်တာနက် သတင်း၌ ဖော်ပြပါရှိသည်။

အဆိုပါမြေမြှုပ်မိုင်းသည် မိုဂါဒစ်ရှူးတွင် ဇန်နဝါရီ ၇ ရက်က ဗိုလ်ချုပ်ကြီး မိုဟာမက်ဂယ်လီကာဟင်းအား ပစ်မှတ်ထား၍ ဖောက်ခွဲခြင်းဖြစ်သည်။

ဆိုမာလီရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလာဟက်ဆန်က ယင်းတိုက်ခိုက်မှု ဖြစ်ပွားကြောင်း အတည်ပြုပြောကြားပြီး နာရီပိုင်းအတွင်း မြေမြှုပ်မိုင်းခုနစ်လုံးကျော်ကို ရဲတပ်ဖွဲ့က စနက်တံများဖြုတ်၍ ဖယ်ရှားခဲ့သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

A(H1N1) ရောဂါဖြင့် အီဂျစ်၌ သေဆုံးသူ ၁၈၇ ဦးရှိ

ကိုင်ရို ဇန်နဝါရီ ၁၀

အီဂျစ်နိုင်ငံ၌ A(H1N1) တုပ်ကွေးရောဂါဖြင့် ငါးဦးထပ်မံသေဆုံးခဲ့ပြီး ၎င်းနိုင်ငံတစ်ဝန်း၌ သေဆုံးသူစုစုပေါင်း ၁၈၇ဦး ရှိသွားပြီဖြစ်ကြောင်း ဇန်နဝါရီ ၉ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

သေဆုံး

၎င်းနိုင်ငံ၌ ယခုထိတိုင် A(H1N1)တုပ်ကွေးရောဂါဖြစ်ပွားသူဦးရေမှာ ၁၄၀၀၀ ကျော်ရှိသည်။ အဆိုပါရောဂါဖြင့် ယခင်နှစ် ဇူလိုင်လကတည်းက စတင်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြပါရှိသည်။ **(အင်တာနက်)**

အညှံ့မခံလိုသူ တာလီဘန်တပ်မှူး သူ့ကိုယ်သူ အဆုံးစီရင်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့၏ ဆင်ခြေဖုံးဒေသ၌ တာလီဘန်တပ်မှူးတစ်ဦးသည် အညှံ့မခံလိုသဖြင့် ဇန်နဝါရီ ၈ ရက် ညပိုင်းက သူ့ကိုယ်သူ ဗုံးဖောက်ခွဲ အဆုံးစီရင်သွားကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း အင်တာနက် သတင်းအရ သိရသည်။

ရဲတပ်ဖွဲ့က ထောက်လှမ်းရေးသတင်းအရ တာလီဘန်စစ်သွေးကြွများ ပုန်းအောင်းနေသည့်အိမ်တစ်အိမ်ကို စီးနင်းရှာဖွေခဲ့ပြီး လေးဦးအားဖမ်းဆီးခဲ့သည်ဟု ဒေသခံ ရပ်မြင်သံကြားက ဖော်ပြသည်။

ရဲတပ်ဖွဲ့က တာလီဘန်တပ်မှူးဖြစ်သူ အာဖန်၏နေအိမ်ကို လုံခြုံရေးချကာ စီးနင်းရှာဖွေခဲ့သည်။ သို့ရာတွင် အာဖန်သည် လုံခြုံရေးတပ်ဖွဲ့ဝင်များအား မြင်မြင်ချင်း လက်ပစ်ဗုံး စနက်တံဖြုတ်ကာ သူ့ကိုယ်သူသေကြောင်းကြံ အဆုံးစီရင်သွားသည်။ **(အင်တာနက်)**

11-1 (04).pmd 1 1/11/2010, 1:55 AM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

တရုတ်နှင့် ဆီရာလီယွန်ဆက်ဆံမှု ချီးကျူးပြောကြား

အနောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဆီရာလီယွန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဆက်ဆံရေးကောင်းမွန်နေခြင်းကို ဆီရာလီယွန်သမ္မတ အားနက်စ်ဘိုင်ကိုရိုမာက ချွေ့သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ယန်ကျိချီနှင့်တွေ့ဆုံစဉ် ချီးကျူးပြောကြားခဲ့သည်။

အအေးလွန်ကဲ၍ မက္ကဆီကို၌ကိုးဦးသေဆုံး

မက္ကဆီကိုနိုင်ငံတွင် ယခုလ၌ ရေခဲလောက်အောင် ရာသီဥတုအေးလွန်းသဖြင့် ငါးဦးသေဆုံးသွားရကြောင်း မက္ကဆီကို ကျန်းမာရေးဝန်ကြီး ဂျို့စ်အိန်ဂျယ်ဂေါ်ဒိုဗာဗီလာလိုဘိုက ဇန်နဝါရီ ၉ရက်၌ ပြောကြားသည်။ အမေရိကန်နှင့်နယ်စပ်ချင်း ဆက်စပ်နေပြီး မက္ကဆီကိုနိုင်ငံ၏ အကြီးဆုံးပြည်နယ်ဖြစ်သည့် ချီဟူဟွာပြည်နယ်သည် အေးမြသည့် ရာသီဥတုဒဏ်ကို အပြင်းထန်ဆုံးခံရသည့် ပြည်နယ်ဖြစ်သည်။

အကြမ်းဖက်သမားဟုမသင်္ကာသူ ၁၀ဦး ပစ်သတ်ခံရ

အယ်လ်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် အကြမ်းဖက်သမားများဟု မသင်္ကာသူ ၁၀ဦးသည် ဇန်နဝါရီ ၉ရက် ညပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်သဖြင့် သေဆုံးသွားကြောင်း အယ်လ်ဂျီးရီးယား လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်ဟု အယ်လ်ဂျီးရီးယားအစိုးရသတင်းဌာန အေပီအက်စ်က ကိုးကားဖော်ပြသည်။

ရေနံရောင်းချရေးဆွေးနွေးပွဲ သဘောတူညီချက်မရ

ရေနံဖြန့်ဖြူးရောင်းချရေး ပြဿနာနှင့်ပတ်သက်၍ ရုရှားနှင့် ဘီလာရုစ်နိုင်ငံတို့အကြား ဆွေးနွေးပွဲတွင် နှစ်နိုင်ငံသဘောတူညီချက် တစ်စုံတစ်ရာမရရှိသဖြင့် ဒုတိယဝန်ကြီးချုပ် ဗလာဒီမာဆီမာရှကိုဦးဆောင်သည့် ဘီလာရုစ်ကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့မှ ဇန်နဝါရီ ၉ရက်က ပြန်လည်ထွက်ခွာသွားပြီဖြစ်သည်ဟု ရုရှားမီဒီယာက ဖော်ပြသည်။

တရုတ်ပြည်၌ နှင်းများထူထပ်စွာကျ၍ တစ်ဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်မြောက်ပိုင်း စင်ကျန်းအူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဇန်နဝါရီ ၈ရက်က နှင်းများထူထပ်စွာကျသဖြင့် တစ်ဦးသေဆုံးပြီး ၅၄၃၅ဦးကို ကယ်တင်လိုက်နိုင်ကြောင်း မြို့ပြရေးရာ ဝန်ကြီးဌာနက ဇန်နဝါရီ ၉ရက်၌ သတင်းထုတ်ပြန်သည်။ ***(အောက်ပုံ)***

ယီမင်နိုင်ငံတောင်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား

တောင်ပိုင်းလှုပ်ရှားမှုအဖွဲ့ဟုလူသိများသည့် ခွဲထွက်ရေးဝါဒီတို့ အခိုင်အမာခြေကုပ်ယူထားသည့် ယီမင်နိုင်ငံ အက်ဒါလီပြည်နယ်ရှိ လုံခြုံရေးရုံးအနီး ဇန်နဝါရီ ၉ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု ဒေသတွင်းသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနကို ပြောကြားသည်။

ကုန်တင်သင်္ဘောနှင့် ငါးဖမ်းရေယာဉ် တိုက်မိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံအရှေ့ပိုင်း ဖူကျန့်ပြည်နယ် ပူရှန်စီးတီးကမ်းလွန်ပင်လယ်ပြင်၌ ကုန်တင်သင်္ဘောကြီးတစ်စင်းနှင့် ငါးဖမ်းရေယာဉ်တစ်စင်း ဇန်နဝါရီ ၉ ရက်က တိုက်မိသဖြင့် တစ်ဦးသေဆုံးပြီး ၁၁ဦးပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များကပြောကြားသည်။

ခတ္တမန္ဒူမြို့အနီး ဘတ်စ်ကားမှောက်၊ ၃၇ဦးဒဏ်ရာရ

နီပေါနိုင်ငံအလယ်ပိုင်း ခတ္တမန္ဒူမြို့အနီး အာရန်နီကို အဝေးပြေးလမ်းမကြီးပေါ်တွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီး ဇန်နဝါရီ ၉ရက်က တိမ်းမှောက်သွားရာ ၃၇ဦးထက်မနည်း ဒဏ်ရာရရှိသွားကြောင်း၊ ငါးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ဇန်နဝါရီ ၁၀ရက်ထုတ် ခတ္တမန္ဒူပို့စ်သတင်းစာ၌ ဖော်ပြပါရှိသည်။

(အင်တာနက်)

ရန်ကုန်တက္ကသိုလ် ရက္ခဗေဒဘွဲ့ရကျောင်းသားများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒဌာနမှ ကြီးမှူး၍ အသက်(၆၅)နှစ်နှင့်အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ရက် (သောကြာနေ့) (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ကျင်းပရန် စီစဉ်ထားပါသဖြင့် ပညာသင်နှစ်အသီးသီးမှ ရုက္ခဗေဒ ကျောင်းသားကျောင်းသူများသည် အလှူငွေနှင့် ပစ္စည်းများကို ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒဌာန ဖုန်း-၀၁-၅၃၅၀၃၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မီးအစဉ်သတိပြု

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနား မကွေး၌ကျင်းပ တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြား

မကွေး ဇန်နဝါရီ ၁၀

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၄နာရီ မိနစ်၂၀အချိန်တွင် မကွေးမြို့ လွတ်လပ်ရေးကျောက်တိုင် ပန်းခြံဝင်းအတွင်း၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မကွေးခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ် (၁၄)ရပ်ကွက်မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ဖတ်ကြားပွဲအခမ်းအနားကို နံနက် ၇နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ သဘာပတိအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ဖတ်ကြားသည်။

ပေးအပ်ချီးမြှင့်

၎င်းနောက် တိုင်းဥက္ကဋ္ဌသည် မကွေးခရိုင် အားကစားကွင်းအတွင်း၌ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲ၊ရွှင်ပွဲများ ကျင်းပနေမှုကို လိုက်လံကြည့်ရှု အားပေးခဲ့ပြီးနောက် မကွေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ရုံးခန်းမ၌ ကျင်းပသည့် မကွေးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ ကြီးမှူးကျင်းပသော (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲ၊ ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားကာ ဆုရရှိကြသူများနှင့် အကဲဖြတ် အမှတ်ပေးခဲ့ကြသော ဆရာဝန်ကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

အိမ်မဲကြီး အထက (ခွဲ) မြတ်ဆရာပူဇော်မည်

အိမ်မဲ ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်း အိမ်မဲမြို့ အိမ်မဲကြီး အထက(ခွဲ) ကျောင်းသား ကျောင်းသူဟောင်းများ၏ အငွေမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၃၁ရက် နံနက် ၈နာရီတွင် အိမ်မဲမြို့ အိမ်မဲကြီး အထက(ခွဲ) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ဗညားဦး(အိမ်မဲ) ဖုန်း-၀၉-၄၈၈၃၂၃၀၇နှင့် ဦးမောင်မောင်တူး ဖုန်း-၆၈၀၇၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လသာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် မျက်နှာစုံညီစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၀

လသာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်မျက်နှာစုံညီ အစည်းအဝေးနှင့်ရွေးချယ်ပွဲကို ဒီဇင်ဘာ၂၉ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးသန်းကြွယ်(ပန်းတောင်းသန်းကြွယ်)က သဘာပတိအဖြစ်ဆောင်ရွက်၍ အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးလှထွန်း (လှထွန်း-တွံတေး) **(အပေါ်ပုံ)**၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်တင်(သီဟညွန့်တင်-လသာ) တို့က အမှာစကားပြောကြားကြသည်။

ရွေးချယ်

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို အတွင်းရေးမှူး ဦးအောင်မော် (မောင်ယဉ်ထိုက်)ကဖတ်ကြားပြီး ဦးသန်းမောင်(အောင်ချစ်စိုး-လသာ)က အကြံပြုဆွေးနွေးသည်။ ထို့နောက် ဥက္ကဋ္ဌဦးညွန့်တင်(သီဟညွန့်တင်-လသာ)နှင့် အတွင်းရေးမှူး ဦးအောင်မော် (မောင်ယဉ်ထိုက်)တို့ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်ကြသည်။

ပြောကြား

ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးညွန့်တင်(သီဟညွန့်တင်-လသာ)အား ရွေးချယ်ပြီး သဘာပတိ ဦးသန်းကြွယ်(ပန်းတောင်းသန်းကြွယ်)က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(မြန်မာ့အလင်း)

ပညာရည်ချွန်ဆုပေးပွဲ အထက(၃) ရွှေပြည်သာ၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးညီညီအောင်၊ မြို့နယ်ပညာရေးမှူး ဦးလှရီနှင့် အထက(၃) ကျောင်းအုပ်ဆရာကြီး ဦးအုန်းကြိုင်တို့က အမှာစကားပြောကြားသည်။

လှူဒါန်း

ဆုပေးပွဲအခမ်းအနားတွင် အမှတ်(၈) ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းနိုင်က ကျောင်းအတွက် ကွန်ပျူတာတစ်စုံလှူဒါန်းရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးညီညီအောင်က လက်ခံယူသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျေးလက်လမ်း ဂဝံခင်း

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရှမ်းစု-ပွဲတမော့ ကျေးလက်လမ်း ဂဝံခင်းခြင်းဆောင်ရွက်ထားရှိမှုကို ဒီဇင်ဘာ ၁၉ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ခိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

11-1 (05).pmd 1 1/11/2010, 1:55 AM

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုက်ပိဘက်ကမ်း ရှင်းလင်းဆောင် ရှုရပ်မှ ရာဇူဒိုင်တံတားအမှတ် (၁) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

○ ရွှေဖုံးမှ

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မော်လမြိုင်ကျွန်းမြို့နယ် ရာဇူဒိုင်တံတား အမှတ်(၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် မော်လမြိုင်ကျွန်းမြို့နယ် ရာဇူဒိုင်တံတားအမှတ်(၁)သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်သည် ရာဇူဒိုင် တံတားအမှတ် (၁)၏ မော်လမြိုင်ကျွန်းဘက်ကမ်း၌ ဘိုးပိုင်တူးခြင်းလုပ်ငန်းနှင့် ရေလယ်တိုင်များ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့နယ် သစ်ပုတ်ကျေးရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြတ်နိုးသူကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) ဆောက်လုပ်နေမှုနှင့် သောက်သုံးရေကန်တို့ကို ရှုရပ်မှ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးရွာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သိရှိလိုသည်များကိုမေးမြန်းရာ ကျေးရွာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် သစ်ပုတ်ကျေးရွာ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

မုန်တိုင်းဒဏ်ခံ အဆောက်အအုံ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် သစ်ပုတ်ကျေးရွာရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

သံရက်မတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရာဇူဒိုင်တံတား အမှတ်(၁) တည်ဆောက်နေမှုကို ရေယာဉ်ဖြင့် အနီးကပ်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျိုက်ပိဘက်ကမ်း ရှင်းလင်းဆောင်ရှုရပ်မှ ရာဇူဒိုင်တံတား အမှတ် (၁) တည်ဆောက်နေမှုအခြေအနေကို ထပ်မံကြည့်ရှုစစ်ဆေးသည်။

နယ်မြေတာဝန်ခံ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ပိုင်းဝန်းထိန်းသိမ်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်ကတည်ဆောက်ပေးထားသည့် Cyclone Shelter များအပါအဝင် လမ်း၊ တံတားများနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ စသည့် အခြေခံအဆောက်အအုံများကို ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်။

ပြင်စလူမြို့၌ မက်(စ်)မြန်မာကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံကို တွေ့ရစဉ်။
(သတင်းစဉ်)

စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေမှန်ကို သိရှိမှသာ နိုင်ငံတော်က လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည်ဖြစ်၍ စိုက်ဧကနှင့် အထွက်နှုန်းမှန်ကန်ရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မိမိတို့ကျေးရွာ အကျိုးစီးပွားဖြစ်ထွန်းမည့် လုပ်ငန်းများကို ကျေးရွာလူကြီးများက နိုးကြားတက်ကြွစွာ ဦးစီးဦးဆောင်ပြုလျက် ရပ်မိရပ်ဖများ၊ ကျေးရွာသားများနှင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ရန်။

စည်းရုံးဆောင်ရွက်

ကျေးရွာများရှိ ကလေးများ ပညာတတ်မြောက်စေရေးအတွက် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေး၊ ကျောင်းနေကလေးတိုင်း ကျောင်းနေမြဲရေးနှင့် အတန်းစဉ်ဆက် ပညာသင်ကြားရေးကို မိဘများအား စည်းရုံးဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့်

စာမျက်နှာ ၇ ကော်လံ ၁

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

၁၂-၁-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅ တရားတော် **(မောရသုတ်+ဝဋ္ဋသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင် (ဘဝအားမာန်)
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ကြက်သားပလာတာနဲ့ သံပုရာဖျော်ရည်)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ Talk on Line (ဟိန်းဝေယံ)
၁၁:၅၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် Current Song(5) တေးပဒေသာ
၁၂:၄၀ ပြုံးပဒေသာ (ဟာသကမ္ဘာ-၃)
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ် (အလယ်တန်းအဆင့် အင်္ဂလိပ်စာ) တေးပဒေသာ
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ မေတို့တွက်တာ အလုကမ္ဘာ (မျက်လုံးလေးတွေလုပစ္စာ ကြည့်တတ်ဖို့)
၁၇:၁၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၇:၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၂၂)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ ပင်လယ်ရောဘယ်မခန်း-ယဉ်မင်းဦး (ဆေးတက္ကသိုလ်) တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ဇာတ်လမ်းပမာ နားဆင်စရာ (ဒန့်ဒလွန်သီး-ဝတ္ထုအဆက်)
၁၉:၃၀ တေးပဒေသာ နိုင်ငံရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ တေးစီးရီး(မေ့တော့မမေ့သေးဘူး) စီးပွားရေးဦးတည်ချက်
၂၁:၀၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၂၁:၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ

အထက(၂)လှိုင် (ဒေါ်သာထက် အထက်တန်းကျောင်း) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

အထက(၂)လှိုင် (ဒေါ်သာထက် အထက်တန်းကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ အသက် ၆၀ အထက် (အငြိမ်းစား) ဆရာ ဆရာမကြီးများအား (၁၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) တွင် အဆိုပါ ကျောင်းရှိ သီဂီရွှေဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲအတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အဆိုပါ ကျောင်း၌ကျင်းပမည်ဖြစ်ရာ ၁၉၆၄ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ (သတင်းစဉ်)

Global ပဲဆီသန့်နှင့် နှမ်းဆီမွှေး Yangon Expo' 2010 ကုန်စည်ပြပွဲတွင် ပြသ

ရန်ကုန် ဇန်နဝါရီ ၁၀

Smart Business Group က ကြီးမှူး၍ Yangon Expo' 2010 ကုန်စည်ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆ နာရီအထိ ပြသလျက်ရှိရာ Aye Chan Myay General Trading Co-Op Ltd. ပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။ **(ယာပုံ)**

ထုတ်လုပ်

အဆိုပါပြခန်း၌ Global ပဲဆီသန့်နှင့် Global နှမ်းဆီမွှေးတို့ကို ပြသထားသည်။ Global မြေပဲဆီသန့်နှင့် နှမ်းဆီမွှေးတို့သည် အရည်အသွေးမြင့်ကုန်ကြမ်းများဖြစ်သည့် မြေပဲဆန်နှင့် နှမ်းတို့ကို အဆင့်မီစက်ကြီးများဖြင့် စနစ်တကျကြိတ်ခွဲ ထုတ်လုပ်ထားသည်။ စားသုံးသူများ အန္တရာယ်မဖြစ်စေရေးအတွက် ဓာတ်ခွဲခန်းများတွင် စစ်ဆေးဆောင်ရွက်ပြီးမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။ Global ပဲဆီသန့်သည် အများပြည်သူ စားသုံးရန်သင့်လျော်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ထောက်ခံချက်အမှတ် (၈၁၂/ ဝ၈ဝဝ၂/ထလ)ဖြင့် မြန်မာနိုင်ငံတွင်

ပထမဦးဆုံး ပဲဆီသန့်ထုတ်လုပ်ရန် ခွင့်ပြုချက်ရရှိထားသည်။ နှမ်းဆီမွှေးသည် ထောက်ခံချက်အမှတ် (၈၁၂/ဝ၈ဝဝ၂ /ထလ-၃၈)ဖြင့် ခွင့်ပြုချက်ရရှိထားသည်။

Global နှမ်းဆီမွှေးကို ဟင်းသီးဟင်းရွက်ကြော်၊ အသားဟင်း၊ ဟင်းသီးဟင်းရွက်သုပ်တို့တွင် တစ်စက်နှစ်စက်မျှ ထည့်သွင်းအသုံးပြုခြင်းဖြင့် အနံ့အရသာပိုမိုပြည့်စုံစေသည်။

လျှော့ချ

နှမ်းဆီမွှေးစားသုံးခြင်းဖြင့် ကိုလက်စထရောကျစေသည့်အပြင် သွေးကြောအတွင်းရှိ သံဓာတ်၊ သတ္တုဓာတ်များကိုဖြစ်ပေါ်စေပြီး သွေးအတွင်းရှိအချိုဓာတ်ကို ထိန်းချုပ် လျှော့ချပေးနိုင်ခြင်းကြောင့် သွေးချိုရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ကာ သွေးလည်ပတ်မှု ကောင်းမွန်စေသည်။ အရိုးအဆစ်ရောဂါဝေဒနာတို့ကို သက်သာစေနိုင်ပြီး ခန္ဓာကိုယ်အတွင်းရှိ အဆိပ်အတောက်များကို လျှော့နည်းပြေပျောက်စေသည်။

ဝယ်ယူနိုင်

Global ပဲဆီသန့်နှင့် နှမ်းဆီမွှေးတို့ကို အမှတ်(၄၇/၄၈) ဗဟိုစည်အိမ်ရာဝင်းလမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၁၅၀၃၁၊ ၂၂၇၇၅၇၊ အမှတ် ၆၃ လမ်းမတော်လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၂၄၂၀၊ ၂၁၄၅၁၆၊ အမှတ် (၈/၁၂) ၄ဝါလမ်း ဘုရင့်နောင် ရန်ကုန်မြို့ ဖုန်း- ၆၈၀၂၀၆၊ ၆၈၀၂၀၇၊ အမှတ် ၁၆ လှိုင်မြစ်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀-၂၅၄၃၃နှင့် မန္တလေးမြို့ ဖုန်း-၀၂-၃၃၂၅၀၊ ၇၁၅၄၆ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ၌ မိုးကြယ်စင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၃၀ ၈။ လှမ်းခဲ့ပါအဆွေ ပန်းတံတားဆီးလို့ကြိုနေ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ အတီးပြိုင်ပွဲ
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ **Myanmar National League MNL Cup(2009) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက်အသင်းနှင့်ဉဿာယူနိုက်တက်အသင်း)**
၄:၅၀ ၂။ အကပဒေသာ
၅:၀၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒ အထူးပြု)(သတ္တဗေဒ)
၅:၁၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၃၀ ၆။ မြန်မာစာ၊ မြန်မာစကား
၅:၄၀ ၇။ စုပါတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၁၅ ၉။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၂၄)
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၁၅)
၁၆။ အစီအစဉ်ပြီး၏။

စာမျက်နှာ ၆ မှ

စာမျက်နှာ ၆ မှ

လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မက်(စ်)မြန်မာကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ ဆောက်လုပ်နေမှုနှင့် သောက်သုံးရေကန်အတွင်း ရေချိုဝင်ရောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြင်စလူမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံနှင့် သောက်သုံးရေကန်တို့ကို ကြည့်ရှုစစ်ဆေးရာ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အားပေးစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြင်စလူမြို့ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိကြသူများအား ကြည့်ရှု၍ အားပေးစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် မိုးကြယ်စင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကာ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် သစ်ပုတ်ကျေးရွာ၊ ပြင်စလူမြို့နှင့် စလူဆိပ်ကျေးရွာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် နွေစပါး စိုက်ပျိုးမှု အခြေအနေနှင့် မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း ဖောက်လုပ်မှု အခြေအနေတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

ပြင်စလူမြို့၌ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြင်စလူမြို့၌ လူနေအိမ်များကို စနစ်တကျ အကွက်ချတည်ဆောက်ပေးထားမှုနှင့် သန့်ရှင်းသပ်ရပ်မှုတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

✳ ကျောဖုံးမှ

ဝမ်းသာပီတိဖြစ်စရာ သတင်းဖြစ်၍ ဆက်စပ်လေ့လာလိုစိတ် ဖြစ်ခဲ့သည်။ ထို့ကြောင့် မည်သို့သော ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာများ ထုတ်လုပ်နေသည်ကို သိရှိရန် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ သာဂရ စက်မှုနယ်မြေအတွင်း တည်ဆောက်ထားသော ယင်းစက်ရုံသို့ လေ့လာရေးခရီး ရောက်ရှိခဲ့သည်။

ငေးမောကြည့်နေမိ

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှု စက်ရုံသို့ မိမိတို့သတင်းအဖွဲ့ ရောက်ရှိချိန်သည် မွန်းတည့်နေပြီ ဖြစ်သည်။ စက်ရုံအပြင်ဘက်မှနေ၍ အပြာရောင်လွင်လွင်ဖြင့် ကြီးမားခံ့ထည်သော စက်ရုံအဆောက်အအုံကြီးများကို ခေတ္တငေးမော ကြည့်နေမိသည်။ စက်ရုံဧရိယာ မှာ စုစုပေါင်း ၁၄ဒသမ ၂၆ ဧကရှိသဖြင့် ကျယ်ဝန်းလှသည်။

တာဘိုင်နှင့် ဂျင်နရေတာစက်ရုံရှိ သံဂဟေနှင့် သံထည်ပစ္စည်းအလုပ်ရုံတွင် သံပြားများ ခေါက်ခြင်းကို စက်စွမ်းအား၊ လူစွမ်းအားဖြင့် ဤသို့ ပြုလုပ်ပေးရသည်။ (မြန်မာ့အလင်း)

သွင်းကုန်အစားထိုး

စက်ရုံအတွင်းရောက်ရှိပြီး အထွေထွေမန်နေဂျာ ဦးဖုန်းအောင်ကျော်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ဒီစက်ရုံ တည်ဆောက်ခဲ့တာကတော့ လျှပ်စစ်စွမ်းအားလုံလောက်မှု အထောက်အကူပြုစေရေးအတွက် အသေးစား ရေအားလျှပ်စစ်စီမံကိန်းများ တိုးတက်လာစေဖို့၊ အသေးစားရေအားလျှပ်စစ် ထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်တဲ့ တာဘိုင်တွေကို ပြည်တွင်းမှာ ထုတ်လုပ်ခြင်းဖြင့် သွင်းကုန်အစားထိုး ဆောင်ရွက်စေရန်၊ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ နေရာဒေသအလိုက် ရေအရင်းအမြစ်အပေါ်မူတည်ပြီး လိုအပ်တဲ့ တာဘိုင်တွေ ထုတ်လုပ်ပေးခြင်းအားဖြင့် ဒေသခံပြည်သူတွေ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိပြီး လူနေမှု အဆင့်အတန်းမြင့်မားလာစေဖို့နဲ့ အသေးစား ရေအားလျှပ်စစ်တာဘိုင်တွေ ထုတ်လုပ်နိုင်မှုနည်းပညာကို အခြေခံပြီး အနာဂတ်မှာ ပိုမိုကြီးမားတဲ့တာဘိုင်တွေ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တည်ဆောက်ခဲ့တာပါ" ဟု ရှင်းပြသည်။

တာဘိုင်နှင့် ဂျင်နရေတာ အစိတ်အပိုင်းများ ထုတ်လုပ်ရန်အတွက် ခေတ်မီစက်သစ်ကြီးများကို ကျွမ်းကျင်ဝန်ထမ်းများက ကွန်ပျူတာထိန်းချုပ်မှုစနစ်ဖြင့် ဤသို့ စနစ်တကျ ဆောင်ရွက်ပေးသည်။ (မြန်မာ့အလင်း)



ဖွင့်လှစ်နိုင်ခဲ့

ရေအားလျှပ်စစ် တာဘိုင်နှင့် ဂျင်နရေတာစက်ရုံကို ၂၀၀၇ခုနှစ် မေလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉ခုနှစ် ဒီဇင်ဘာလ ၃၁ရက်၌ ဖွင့်လှစ် နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ စက်ရုံရှိ အလုပ်ရုံများတွင် လုပ်ငန်းများ လည်ပတ်နေပြီဖြစ်ရာ လုပ်ငန်းခွင်မှ စက်သံနှင့် ဝန်ထမ်းများ အသံကို ကြားနေရသည်။

စီစဉ်နေ

"လောလောဆယ် ဒီစက်ရုံမှာ ထုတ်လုပ်နေတာကတော့ ကီလိုဝပ် ၁၀၀ ဖရန့်စစ်တာဘိုင်နဲ့ ဂျင်နရေတာ၊ ကီလိုဝပ် ၅၀၀ ဖရန့်စစ်တာဘိုင်နဲ့ ဂျင်နရေတာ၊ ကီလိုဝပ် ၂၀၀၀ ဖရန့်စစ်တာဘိုင်နဲ့ ဂျင်နရေတာတွေကို ပထမအဆင့်အနေနဲ့ ထုတ်လုပ်နေပြီး ကီလိုဝပ် ၅၀၀၀ ဖရန့်စစ်တာဘိုင်နဲ့ ဂျင်နရေတာကိုတော့ ဒုတိယအဆင့်အနေနဲ့ ထုတ်လုပ်ရန် စီစဉ်နေပါတယ်။ စက်ရုံအနေနဲ့ တစ်နှစ်ကို ၁၀၀၊ ၅၀၀နဲ့ ၂၀၀၀ ကီလိုဝပ်တာဘိုင်နဲ့ ဂျင်နရေတာ အစုံ ၅၀ ထုတ်လုပ်နိုင်တဲ့ စွမ်းအားရှိပါတယ်" ဟု အထွေထွေမန်နေဂျာ ဦးဖုန်းအောင်ကျော်က ဆက်လက်ရှင်းပြသည်။

စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် တာဘိုင်မှာ ဖိတွန်းအားအမျိုးအစား ဖြစ်သည်။ ကီလိုဝပ် ၁၀၀ ဖရန့်စစ်တာဘိုင်နှင့် ဂျင်နရေတာမှာ ရေဖိအား အမြင့် ၁၅ဒသမ ၃မီတာမှ ၄မီတာအထိနှင့် တစ်စက္ကန့်ရေဖြတ်စီးနှုန်း ပမာဏမှာ ၀ဒသမ ၃၆၅မှ ၀ဒသမ ၆၅ကုဗမီတာအတွင်း၌ အသုံးပြုနိုင်သည်။ ယင်းဖရန့်စစ်တာဘိုင်နှင့် ဂျင်နရေတာ အမျိုးအစားမှာ HLA 253-WJ-35 ဖြစ်သည်။ မိမိတို့ဒေသအတွင်း ယင်းကဲ့သို့ ရေအရင်းအမြစ် စွမ်းအားရှိပါက ဓာတ်အားရရှိရေး ဝယ်ယူသုံးစွဲနိုင်ပြီ ဖြစ်သည်။

"စက်ရုံအနေနဲ့ တစ်နှစ်ကို ၁၀၀၊ ၅၀၀နဲ့ ၂၀၀၀ကီလိုဝပ် တာဘိုင်နဲ့ ဂျင်နရေတာအစုံ ၅၀ ထုတ်လုပ်နိုင်တဲ့ စွမ်းအားရှိပါတယ်"

ဦးဖုန်းအောင်ကျော်
အထွေထွေမန်နေဂျာ။

ဝယ်ယူသုံးစွဲနိုင်

ထို့အပြင် ကီလိုဝပ် ၅၀၀ ဖရန့်စစ်တာဘိုင်နှင့် ဂျင်နရေတာမှာ ရေဖိအား အမြင့် ၃၆မီတာမှ ၆၂မီတာရှိပြီး တစ်စက္ကန့် ရေဖြတ်စီးနှုန်း ၁ဒသမ ၂၄မှ ၁ဒသမ ၆၅ကုဗမီတာရှိလျှင် အသုံးပြုနိုင်သည်။ ယင်းဖရန့်စစ်တာဘိုင်နှင့် ဂျင်နရေတာ အမျိုးအစားမှာ HLD 069-WJ-50 ဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာနယ်မြေအတွင်း ယင်းကဲ့သို့ ရေအရင်းအမြစ် စွမ်းအားရှိပါက လျှပ်စစ်ဓာတ်အားရရှိရေး ဝယ်ယူသုံးစွဲနိုင်ပြီ ဖြစ်သည်။

အသုံးပြုနိုင်

ထို့အတူ ကီလိုဝပ် ၂၀၀၀ ဖရန့်စစ်တာဘိုင်နှင့် ဂျင်နရေတာမှာ ရေဖိအား အမြင့် ၂၆ဒသမ ၂မှ ၇၄ဒသမ ၇မီတာရှိပြီး တစ်စက္ကန့် ရေစီးပမာဏ ၂ဒသမ ၀၂မှ ၃ဒသမ၄ ကုဗမီတာရှိလျှင် အသုံးပြုနိုင်သည်။ ယင်းတာဘိုင်အမျိုးအစားမှာ HLA 253-WJ-71 ဖြစ်သည်။ တစ်ဖန် ကီလိုဝပ် ၅၀၀၀ ဖရန့်စစ်တာဘိုင်နှင့် ဂျင်နရေတာမှာ ရေဖိအားအမြင့် မီတာ ၃၀မှ မီတာ ၈၀ရှိပြီး တစ်စက္ကန့် ရေစီးပမာဏ ၄ဒသမ ၈၆မှ ၇ဒသမ ၈၄ကုဗမီတာရှိလျှင် အသုံးပြုနိုင်သည်။ ယင်းတာဘိုင်နှင့် ဂျင်နရေတာအမျိုးအစားမှာ HLD 46-LJ-120 ဖြစ်သည်။

အထူးအသုံးတည့်

စက်ရုံမှထုတ်လုပ်သည့် တာဘိုင်နှင့် ဂျင်နရေတာများသည် ရေအရင်းအမြစ် အခြေအနေအရ ကျယ်ပြန့်စွာ အသုံးပြုနိုင်သည်။ တစ်ဖန် တည်ငြိမ်စွာ လည်ပတ်နိုင်မှု ကောင်းမွန်ပြီး စွမ်းဆောင်ရည်လည်း မြင့်မားသဖြင့် အလယ်အလတ် ရေဖိအားနှင့် အလယ်အလတ် ရေစီးပမာဏတွင် တာဘိုင်လည်ပတ်နိုင်ရာ အငယ်စား ရေအားလျှပ်စစ်စက်ရုံများတွင် တပ်ဆင်အသုံးပြုနိုင်ကြောင်း သိရသည်။ ထို့အပြင် ဈေးနှုန်းလည်းသက်သာပြီး ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင် ရရှိရေးအတွက်လည်း အထောက်အကူပြုနိုင်သည်။ စက်ပစ္စည်းအစိတ်အပိုင်းများကို အလွယ်တကူအစားထိုး ဖြည့်ဆည်းနိုင်သည်ဖြစ်ရာ ရေအရင်းအမြစ်ပေါများသော မြန်မာနိုင်ငံအတွက် အထူးအသုံးတည့်မည့် စက်များပင် ဖြစ်သည်။

ဝမ်းသာပီတိ

စက်ရုံတွင် လက်ရှိထုတ်လုပ်နေသော တာဘိုင်နှင့် ဂျင်နရေတာများမှာ မြန်မာနိုင်ငံအတွင်းရှိ နေရာဒေသအလိုက် ရေအား အရင်းအမြစ်ပေါ်မူတည်ပြီး စနစ်တကျ တွက်ချက်ထုတ်လုပ်ပေးထားခြင်းဖြစ်ရာ ဒေသခံပြည်သူများအတွက် ဓာတ်အားရရှိစေရန် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ရာ ဝမ်းသာပီတိ ဖြစ်ဖွယ်ပင်။

တက်တက်ကြွကြွ

ထို့နောက် စက်ရုံအတွင်း တာဘိုင်များထုတ်လုပ်နေမှုကို လိုက်လံလေ့လာခဲ့ရာ ဂဟေနှင့် သံထည်ပစ္စည်းအလုပ်ရုံ၌ သံပြားဖြတ်ခြင်း၊ သံပြားခေါက်ခြင်း၊ ဂဟေဆက်ခြင်း လုပ်ငန်းများကို ခေတ်မီစက်များ၊ လူ့စွမ်းအားများဖြင့် ပြုလုပ်နေကြသည်ကို တွေ့ရသည်။ စက်ပစ္စည်းအလုပ်ရုံအတွင်း လေ့လာကြည့်ရာ တာဘိုင်ထုတ်လုပ်မှုအတွက် လိုအပ်သော စက်အစိတ်အပိုင်းများကို ခေတ်မီစက်များဖြင့် စက်ခုတ်စားခြင်း ပြုလုပ်နေကြသည်မှာ တက်တက်ကြွကြွ ရှိကြသည်။

ပြုလုပ်နေကြ

ထို့အပြင် အကြီးစားစက်ပစ္စည်း အလုပ်ရုံတွင် ထုထည်ကြီးမားသော စက်ပစ္စည်း အစိတ်အပိုင်းများကို ခေတ်မီစက်များ၊ လူ့စွမ်းအားဖြင့် ပူးပေါင်းပြီး အချောသပ်စက်ခုတ်စားခြင်းများ ပြုလုပ်နေကြသည်။ ယင်းအလုပ်ရုံ၌ မြန်မာနိုင်ငံတွင် အကြီးမားဆုံး D

Lathe M

ဆောင်ရွက်

ဂျင်န

ဆောင်ရွက်

ရောက်ရှိ

ထုတ်လုပ်

ပါးလွှာပြ

လိုအပ်သ



ဂျင်နရေတာထုတ်လုပ်မှုအပိုင်းအတွက် လိုအပ်သော သံမဏိ ပါးလွှာပြားများကို ဤသို့ ခေတ်မီစက်ကြီးဖြင့် Coating ပြုလုပ်ပေးသည်။ (မြန်မာ့အလင်း)

ပုံဖိခြင်းလု

များကို ဂျ

ဖြတ်တော

များကို Co



စက်ရုံမှထုတ်လုပ်သည့် တာဘိုင်နှင့် ဂျ
အမြစ် အခြေအနေအရ ကျယ်ပြန့်စွာ အသ
လည်ပတ်နိုင်မှုကောင်းမွန်ပြီး စွမ်းဆောင်ရည်
အလတ် ရေဖိအားနှင့် အလယ်အလတ် ရေ
နိုင်ရာ အငယ်စားရေအားလျှပ်စစ်စက်ရုံများတ
သိရ။ ထို့အပြင် ဈေးနှုန်းလည်းသက်သာပြီး
ရရှိရေးအတွက်လည်း အထောက်အကူပြု။
အလွယ်တကူအစားထိုး ဖြည့်ဆည်းနိုင်သည်
သော မြန်မာနိုင်ငံအတွက် အထူးအသုံးတည့်

...န်းများကို ...များဖြင့် ...ရသည်။ ...လေ့လာ ...အတွက် ...များကို ...စားခြင်း ...က်ကြွကြွ

ပြုလုပ်နေကြ

ထို့အပြင် အကြီးစားစက်ပစ္စည်း အလုပ်ရုံတွင် ထုထည်ကြီးမားသော စက်ပစ္စည်း အစိတ်အပိုင်းများကို ခေတ်မီစက်များ၊ လူ့စွမ်းအားဖြင့် ပူးပေါင်းပြီး အချောသပ်စက်ခုတ်စားခြင်းများ ပြုလုပ်နေကြသည်။ ယင်းအလုပ်ရုံ၌ မြန်မာနိုင်ငံတွင် အကြီးမားဆုံး Double Column Vertical Lathe Machine ဖြင့် လုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရသည်။

ဂျင်နရေတာ ထုတ်လုပ်မှုအပိုင်း ဆောင်ရွက်သည့် ပုံဖိအလုပ်ရုံသို့ ရောက်ရှိလေ့လာခဲ့သည်။ ဂျင်နရေတာ ထုတ်လုပ်ရန် လိုအပ်သည့် သံမဏိပါးလွှာပြားများကို ပုံဖိစက်ဖြင့် လိုအပ်သည့် ပုံသဏ္ဌာန်အတိုင်းရအောင် လုပ်ငန်းများအား ထိန်းချုပ်စက်များဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

အလေးထားပြုလုပ်

ဆက်လက်ပြီး ဂျင်နရေတာ အလုပ်ရုံ၌ စက်ပစ္စည်းအစိတ်အပိုင်းများကို အပြီးသတ် တပ်ဆင်ခြင်း၊ ပစ္စည်းများတပ်ဆင်ပြီး စက်များဖြင့်

...အပိုင်းအတွက် လိုအပ်သော သံမဏိ ပါးလွှာ ...မီစက်ကြီးဖြင့် Coating ပြုလုပ်ပေးသည်။ (မြန်မာ့အလင်း)

ပုံဖိခြင်းလုပ်ငန်း အမျိုးမျိုး၊ သံပြားများကို ဂျင်နရေတာအတွက် တိုင်းထွာဖြတ်တောက်ခြင်း၊ သံမဏိပါးလွှာများကို Coating ပြုလုပ်ခြင်း စသည့် စစ်ဆေးခြင်းကို အဆင့်တိုင်းတွင် အလေးထား ပြုလုပ်လျက်ရှိနေကြသည်ကို တွေ့ရှိရသည်။ ခေတ်မီစက်သစ်များကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနေသည်မှာ စိတ်ဝင်စားစရာကောင်းသည့် မြင်ကွင်းပင် ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်း ရေအရင်းအမြစ် စွမ်းအားရှိသော နေရာမျိုးစုံ၌ ယခုစက်ရုံမှ ထုတ်လုပ်သော ဘက်စုံသုံး ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာများကို ဝယ်ယူအသုံးပြုခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးမြင့်ကာ စက်မှုစွမ်းအားဖြင့် ပြည်ထွန်းကားနိုင်မည်ဖြစ်ကြောင်း တွေ့ဆုံမေးမြန်းရေးသား တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တာဘိုင်နှင့် ဂျင်နရေတာစက်ရုံရှိ သံဂဟေနှင့် သံထည်ပစ္စည်းအလုပ်ရုံ၌ လိုအပ်သည့် စက်အစိတ်အပိုင်းများရရှိရန် သံပြားများကို ခေတ်မီစက်များဖြင့် ဤသို့ တိုင်းထွာဖြတ်တောက်ရသည်။

(မြန်မာ့အလင်း)

...ုတ်လုပ်သည့် တာဘိုင်နှင့် ဂျင်နရေတာများသည် ရေအရင်း ...ခြအနေအရ ကျယ်ပြန့်စွာ အသုံးပြုနိုင်။ တစ်ဖန် တည်ငြိမ်စွာ ...မှုကောင်းမွန်ပြီး စွမ်းဆောင်ရည်လည်း မြင့်မားသဖြင့် အလယ် ...ီအားနှင့် အလယ်အလတ် ရေစီးပမာဏတွင် တာဘိုင်လည်ပတ် ...်စားရေအားလျှပ်စစ်စက်ရုံများတွင် တပ်ဆင်အသုံးပြုနိုင်ကြောင်း ...ျင် ဈေးနှုန်းလည်းသက်သာပြီး ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင် ...က်လည်း အထောက်အကူပြု။ စက်ပစ္စည်းအစိတ်အပိုင်းများကို ...အစားထိုး ဖြည့်ဆည်းနိုင်သည်ဖြစ်ရာ ရေအရင်းအမြစ်ပေါ်များ ...နိုင်ငံအတွက် အထူးအသုံးတည့်မည့် စက်များပင်။



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း တိုးချဲ့ပြုပြင်နေမှု စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၉ရက် နံနက်ပိုင်းက တောင်ကြီးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း တိုးချဲ့ပြုပြင်နေမှုကိုလည်းကောင်း၊ နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း မိုင်တိုင်အမှတ်(၄၉)မိုင်အနီး အိမ်နေရာ ချထားရန်အတွက် ပြင်ဆင်ထားရှိမှု၊ လိန်းလီတံတား၏ ပင်လောင်းဘက်ကမ်း ချဉ်းကပ်လမ်းနှင့် ချဉ်းကပ်တံတား တည်ဆောက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ လိန်းလီတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ပြီးစီးမှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် လိန်းလီတံတား ချဉ်းကပ်လမ်း နေပြည်တော်ပျဉ်းမနားဘက်ကမ်း ဆောက်လုပ်နေမှုနှင့်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲ သံတွဲမြို့တွင် ဆုချီးမြှင့်ပေးအပ်

သံတွဲ ဇန်နဝါရီ ၁၀

သံတွဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စံပြမိခင်ပြိုင်ပွဲနှင့် ကလေးပြပွဲပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီက သံတွဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ သံတွဲခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေယုနှင့်အဖွဲ့ဝင်များ၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာတင့်ရွှန်းနှင့် အထူးကုဆရာဝန်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆုရကလေးများနှင့်မိခင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် သံတွဲခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး

ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်က အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ချီးမြှင့်ပေးအပ်

ထို့နောက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ပေးအပ်သည်။ (ခရိုင် ပြန်/ဆက်)

ဧရာဝတီမြစ် ရေလမ်းကြောင်း ခေတ္တပိတ်ထားကြောင်း သတိပေးနှိုးဆော်ချက် ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၁၀

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း)မှ ဧရာဝတီမြစ်ကျော်ကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၀ရက်မှ ၂၀ရက်အထိ နေ့စဉ် နံနက် ၆နာရီမှ ၈နာရီအထိ မန္တလေးတိုင်း တံတားဦးမြို့နယ် ထောက်ရစ်ရွာအနီး တစ်ဖက်ကမ်းမှ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် ဆင်တပ်ရွာအနီး တစ်ဖက်ကမ်းတို့၌ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ရေကြောင်းလမ်း ခေတ္တပိတ်ထားမည်ဖြစ်သည်။

မဟာဓာတ်အားလိုင်းသွယ်တန်းခြင်း ဆောင်ရွက်နေစဉ် လုပ်ငန်းခွင်အထက်ဘက်နှင့် အောက်ဘက်မြစ်အတွင်း ကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ ရေယာဉ်များဖြင့် စောင့်ဆိုင်းပြီး ကြပ်မတ်ကွပ်ကဲလျက် ရေယာဉ်များ မဖြတ်သန်းရန် ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်ဖြစ်သည်။ အဆိုပါရေကြောင်းအတွင်း ဖြတ်သန်းကြမည့် ရေယာဉ်များအနေဖြင့် လုပ်ငန်းခွင်မှ ကင်းလွတ်ရာရေကြောင်းတွင် ခေတ္တရပ်နားစောင့်ဆိုင်းပြီး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ရမှသာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပရီမီယာကော်ဖီ တေးသံရှင်ရွေးချယ်ပွဲနှင့် Ginsetin အလှမယ်ရွေးချယ်ပွဲ နောက်ဆုံးအဆင့် ရွေးချယ်ပြီးစီး

ရန်ကုန် ဇန်နဝါရီ ၁၀

Premier Coffee Company နှင့် Ginsetin ကိုရီးယားဂျင်စင်းအားဆေးတို့က ကြီးမှူး၍ Premier Coffee တေးသံရှင်ရွေးချယ်ပွဲနှင့် Ginsetin အလှမယ် ရွေးချယ်ပွဲ၏ နောက်ဆုံးအဆင့်ရွေးချယ်ပွဲကို ဒီဇင်ဘာ ၁၅ရက်တွင် ရန်ကုန်မြို့ Capital Hypermarket ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထပ်မံချီးမြှင့်

ရွေးချယ်ပွဲတွင် ပထမရရှိသူအား ငွေသားဆု ငွေကျပ် ၁၀သိန်း၊ Gift Voucher နှစ်သိန်း၊ Product ဆု တစ်သိန်း၊ ဒုတိယရရှိသူအား ငွေသားဆု ငွေကျပ် ငါးသိန်း၊ Gift Voucher တစ်သိန်း၊ Product ဆု တစ်သိန်း၊ တတိယရရှိသူအား ငွေသားဆု ငွေကျပ် သုံးသိန်း၊ Gift Voucher တစ်သိန်း၊ Product ဆု တစ်သိန်းတို့ကို ချီးမြှင့်ခဲ့ပြီး Ginsetin မှ Miss Energetic နှင့် Miss Best Complesion များ ထပ်မံချီးမြှင့် ခဲ့ကြောင်း သိရသည်။

အကဲဖြတ်

ရွေးချယ်ပွဲ၌ အဆိုအကဲဖြတ်ဒိုင်များအဖြစ် တေးရေးနောင်နောင် (Sun Flower)၊ တေးရေး ညီညီသွင်နှင့် အဆိုတော် ခိုင်ရွှေဝါတို့က ဆောင်ရွက်ခဲ့ကြပြီး အလှမယ်အကဲဖြတ်ဒိုင်များအဖြစ် အကယ်ဒမီ နေအောင်၊ ဒေါ်နန်းအိအိဇာနှင့် ရုပ်ရှင်သရုပ်ဆောင် ဝတ်မှုန်ရွှေရည်တို့က ဆောင်ရွက်ခဲ့ကြသည်။

ပါဝင်ဖျော်ဖြေ

ဖျော်ဖြေမှုအစီအစဉ်၌ L လွန်းဝါ၊ နောနော်၊ ဖြူဖြူကျော်သိန်း၊ L ဆိုင်းဇီ၊ ချစ်သုဝေ၊ ခိုင်ရွှေဝါ၊ ဇူလိုင် နှင့် COBRA- H Music Band တို့က ပါဝင်ဖျော်ဖြေပေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ထူးခြားလာသည့် ဆေးပညာသတင်းဆန်းများ (၅)

ဒေါက်တာကံညွှန့်

မြန်မာစကားပုံတွင် ပျော်ပျော်နေသေခဲသည်ဟု စကားပုံရှိခဲ့သည်။ ယခု ဆေးပညာရှင်တို့၏ လေ့လာစူးစမ်းချက်ကလည်း ၄င်းကိုထောက်ခံထားပါသည်။ ပျော်ပျော်နေခြင်းသည် ရောဂါဖြစ်နေသူတစ်ဦးကို အသက်ရှည်အောင် မလုပ်နိုင်သော်လည်း ရောဂါမရှိသူတစ်ဦးကို အနည်းဆုံး အသက်ခုနစ်မှ ၁၀နှစ်အထိ ပို ရှည်အောင် စွမ်းဆောင်နိုင်ကြောင်း သုတေသီတို့၏ လေ့လာချက်ကို တင်ပြလိုပါသည်။ ၄င်းမှာ ကမ္ဘာ့အရပ်ရပ်မှ လေ့လာချက် ၃၀အပေါ် သုံးသပ်တင်ပြထားခြင်း ဖြစ်ပါသည်။

၄င်းတို့၏ အဆိုပြုချက်အရ စိုးရိမ်သောကရောက်စရာများကို ဖယ်ထုတ်ထားနိုင်ခြင်း၊ အလုပ်ချိန်ပြီးလျှင် နာရီဝက်ခန့် စိတ်ကိုသက်သောင့်သက်သာ အနားယူခြင်း၊ သနားကြင်နာတတ်အောင်လေ့ကျင့်ခြင်း၊ အရာရာတွင် စိတ်ကျေနပ်မှုကို ရအောင်လေ့ကျင့်ခြင်း၊ စိတ်သောကရောက်ရသောအခါ ယခင်က ကိုယ်မလုပ်ဖူးသော အားကစားလှုပ်ရှားမှုတစ်ခုခုကို လုပ်ကြည့်ခြင်း၊ ကိုယ်မရောက်ဖူးသည့် အရပ်ဒေသတစ်ခုခုကို အလည်သွားလိုက်ခြင်းဖြင့် ပျော်ရွှင်အောင်နေဖို့ လေ့ကျင့်နိုင်ကြောင်း အဆိုပြုထားပါသည်။

နောက်လေ့လာချက်တစ်ခုမှာလည်း ပူပင်သောကကင်းပြီး စိတ်ဖိစီးမှုနည်းအောင်နေခြင်း၊ တစ်နေ့ မိနစ် ၃၀ကြာ လမ်းလျှောက်ခြင်း၊ အသီးအနှံများများစားခြင်းနှင့် အစားအစာမှ (Fat) အဆီဓာတ်ကိုလျှော့၍ ၁၀ရာခိုင်နှုန်းမျှသာ ပါအောင်စား၍ နေထိုင်ခြင်းသည် သွေးထဲရှိ မကောင်းသောအဆီဓာတ် (LDL Cholestrol)ကို ကျစေပြီး လူတစ်ဦး၏ ကိုယ်ခံအားနှင့် အသက်ရှည်ဖို့ အရေးပါဆုံးဖြစ်သည့် DNA ၏ သက်တမ်းကို ပိုရှည်နိုင်ကြောင်း လေ့လာချက်ဖြစ်ပါသည်။

၄င်းမှာ အမေရိကန်နိုင်ငံမှ ဆေးသိပ္ပံပညာ သုတေသီများဖြစ်ကြသည့် Dr.Dean Ornish နှင့် Dr. Elizabeth Blackburn တို့၏ လေ့လာချက်ဖြစ်သည်။ အထက်ဖော်ပြသကဲ့သို့ နေထိုင်သူတို့တွင် သွေးထဲ၌ Telomerase Enzyme ပိုများလာပြီး ယင်း Enzyme သည် DNA ၏ အရေးပါသည့် အစိတ်အပိုင်းဖြစ်သည့် Chromosone ၏ ထိပ်ပိုင်းProtein ဖြစ်သည့် Telomere ပိုရှည်ရေးအတွက် အရေးကြီးကြောင်း တွေ့ရှိချက်ဖြစ်လေသည်။ ယင်းသို့ Telomerase Enzyme များပြီး Telimere Protein အစိတ်အပိုင်း ပိုရှည်သူတို့တွင် ကိုယ်ခံအားကောင်းပြီး ကင်ဆာနှင့်တခြားရောဂါများ ကင်းဝေးပြီး အသက်ပိုရှည်နိုင်ကြောင်း တွေ့ရလေသည်။ (ယင်းသုတေသီနှစ်ဦးမှာ ထိုလေ့လာ တွေ့ရှိချက်ကြောင့် ယခု ၂၀၀၉ခုနှစ် ဆေးသိပ္ပံပညာ နိုဘယ်လ်ဆုကို တခြားပညာရှင် တစ်ဦးနှင့်အတူ ချီးမြှင့်ခြင်းခံရပါသည်။)

နောက်သတင်းတစ်ခုမှာလည်း ယခင်က Red Wine သည် နှလုံးရောဂါဖြစ်မှုကို ကာကွယ်နိုင်ကြောင်း၊ တစ်နေ့တွင် ဝိုင်ခွက်ငယ်တစ်ခွက်ခန့်သောက်ခြင်းဖြင့် နှလုံးရောဂါဖြစ်မှုကို ၄၀ရာခိုင်နှုန်းခန့် ကာကွယ်နိုင်ကြောင်း တင်ပြခဲ့ကြပြီး ဖြစ်ပါသည်။ ယခုတစ်ခါ Red Wine ၏ အစွမ်းထက်ပုံကို ထပ်မံလေ့လာထားချက်ကို တင်ပြလိုပါသည်။ ၄င်းလေ့လာထားချက်မှာ အမေရိကန် Association of Cancer Research Epidemiology ၏ Prevention ဌာနမှ ကြေညာချက်ဖြစ်ပါသည်။ ၄င်းတို့၏ လေ့လာချက်အရ Red Wine သည် အဆုတ်ကင်ဆာဖြစ်နိုင်မှုကို အကာအကွယ်ပြုနေကြောင်း၊ အထူးသဖြင့် ဆေးလိပ်သောက်သူတို့တွင် ပို၍ကာကွယ်နိုင်ကြောင်း အသက် ၄၅နှစ်မှ ၆၉နှစ်အရွယ် လူပေါင်း ၈၄၁၇၀နှင့် အဆုတ်ကင်ဆာဝေဒနာရှင် ၂၁၀အား ၂၀၀၀ပြည့်နှစ်မှ ၂၀၀၃ခုနှစ်အတွင်း လေ့လာထားချက်ကို တင်ပြထားခြင်း ဖြစ်ပါသည်။

နောက်သတင်းတစ်ပုဒ်တွင် အမျိုးသမီးများသည် ငယ်စဉ်ကပင် ဒေါက်မြင့်ဖိနပ်စီးခြင်းမှရှောင်သင့်ကြောင်း တတ်နိုင်သမျှ ခြေဖဝါးအပြားအတိုင်း ခေါက်ချိုး၍ရသော (Flexible) ဖိနပ်များကိုသာ စီးသင့်ကြောင်း၊ ထိုသို့စီးပါမှ အသက်ကြီးလာသောအခါ ဖြစ်တတ်သော ဒူးဆစ်ရောင်ရောဂါ (Osteoarthritic Knee) ဖြစ်လာခြင်းမှ ကာကွယ်နိုင်ကြောင်း အမေရိကန်နိုင်ငံ Chicago မြို့ Rush University မှ အရိုးပါရဂူများ၏ လေ့လာထားချက်ကိုလည်း တင်ပြလိုက်ရပါသည်။

ဆက်လက်တင်ပြမည့် သတင်းတစ်ပုဒ်မှာ အမျိုးသမီးများ၏ ရင်သားကင်ဆာနှင့်ပတ်သက်၍ လေ့လာထားချက်ဖြစ်ပါသည်။

ယခင်က ရင်သားကင်ဆာကို Mamogram ရိုက်ပြီးမှ တွေ့ရှိနိုင်သဖြင့် အသက်၂၅နှစ် အရွယ်ကျော်သူတိုင်း Mamogram နှစ်စဉ်ရိုက်၍ ရင်သားကင်ဆာ ရှိမရှိ စမ်းသပ်ကြရန် ခေတ်မီတိုးတက်ပြီး နိုင်ငံတိုင်းတွင် နှိုးဆော်ထားပါသည်။ ယခုတွေ့ရှိချက်မှာ ဘာမှစမ်းသပ်စရာမလိုဘဲ မိမိကိုယ်ကိုသတိထားခြင်းဖြင့် ရင်သားကင်ဆာဖြစ်နိုင်ခြေ ရှိမရှိကို သိနိုင်သောနည်းဖြစ်ပါသည်။ ၄င်းမှာ စိုနေသော နားဖာချေးရှိပြီး ချိုင်းချွေးနံ့ထွက်သူ အမျိုးသမီးများသည် ရင်သားကင်ဆာဖြစ်ရန် အခွင့်အလမ်းပိုရှိကြောင်း၊ Breast Cancer ဖြစ်နိုင်သည့် Gene အမှတ် ABCC 11 မှာ ၄င်းတို့နှင့်ဆက်စပ်နေကြောင်း၊ ဂျပန်သုတေသီတို့၏ လေ့လာထားချက်ကို Federation of Society of Experimental Biology ဂျာနယ်တွင် ဖော်ပြထားလေသည်။ ထို့ကြောင့် အရွယ်ရောက်ပြီးသည့် အမျိုးသမီးများ မိမိနားတွင် နားဖာချေးများထွက်ပြီး ချိုင်းချွေးနံ့ရှိနေပါက မိမိရင်သားအား အထူးသတိထားစောင့်ကြည့်ရန် လိုအပ်ကြောင်း တင်ပြရပါသည်။

နားလေးနေသူများအတွက် ဝမ်းသာစရာသတင်းတစ်ပုဒ်ကို ဆက်လက်တင်ပြရလျှင် အစ္စရေးနိုင်ငံ Tel Aviv တက္ကသိုလ်နှင့် Purdue တက္ကသိုလ်တို့မှ သုတေသီတို့ ပူးပေါင်းလေ့လာထားချက် ဖြစ်ပါသည်။ နားလေးခြင်းသည် အတွင်းနား (Inner Ear) ဖြစ်ပေါ်တိုးတက်မှုတွင် Molecule တစ်ခု၏ ချို့ယွင်းမှုကြောင့် ယင်း Molecule (Micro RNA) ကို (Inner Ear) တွင် အစားထိုးကုသခြင်းဖြင့် နားလေးရောဂါအပြင် ၄င်းနှင့်ဆက်စပ်နေသည့် ခေါင်းမူးရောဂါ (Mineres Disease) ကိုပါ ပျောက်ကင်းသွားနိုင်ကြောင်း လေ့လာထားချက်ဖြစ်ပါသည်။ မျိုးရိုးဗီဇကြောင့် နားလေးဝေဒနာခံစားနေရသူများအတွက် ဝမ်းသာစရာ သတင်းတစ်ရပ်ဖြစ်ပါသည်။

နောက်သတင်းတစ်ပုဒ်မှာ အသက် ၅၀ကျော်အရွယ် အမျိုးသမီးများအတွက် သတိထားစရာ သတင်းတစ်ပုဒ်ပါ။ အမျိုးသမီးများ သွေးဆုံးသောအခါ သွေးဆုံးခြင်းနှင့်ပတ်သက်သည့် ဝေဒနာများမခံစားရအောင် Hormone စားဆေး၊ ထိုးဆေး၊ ကပ်ဆေးများ အသုံးပြုကြပါသည်။ ယခုတွေ့ရှိချက်အရ ယင်းသို့အသုံးပြုခြင်းသည် ဦးနှောက်၏ အရွယ်အစားအား အနည်းငယ်သေးငယ်သွားစေပြီး စဉ်းစားတွေးတောခြင်းနှင့် မှတ်ဉာဏ်များကို ထိခိုက်စေနိုင်ကြောင်း တင်ပြထားချက် ဖြစ်ပါသည်။ အမေရိကန်နိုင်ငံ ဝါရှင်တန်စီးတီးမှ University of Baptist Medical Centre မှ သုတေသီတို့၏ လေ့လာချက်ကို Journal of Neurology တွင် ဖော်ပြထားခြင်းဖြစ်ပါသည်။ ၄င်းတို့အဆိုအရ ယင်းဟော်မုန်းတို့ကြောင့် ဦးနှောက်၏သွေးကြောမျှင်လေးများအား ပျက်စီးစေခြင်းဖြင့်လည်းကောင်း၊ ဦးနှောက်၏ စဉ်းစားဉာဏ်၊ သတိနှင့်သက်ဆိုင်သော ဧရိယာ Frontal Lobe နှင့် Hippocampus အရွယ်သေးသွားခြင်းဖြင့်လည်းကောင်း ထိုသို့ဖြစ်ရသည်ဟု သိရပါသည်။ ၄င်းသည် အသက် ၆၅နှစ်နှင့် ၄င်းအထက်အရွယ်တွင် ပိုသိသာနိုင်သည်ဟု ဆိုလေသည်။

အိပ်စက်ချိန်တွင် ဟောက်တတ်သော အလေ့အထရှိသူများအတွက် အမေရိကန်နိုင်ငံ Connecticut ပြည်နယ် ဆေးတက္ကသိုလ်မှ လေ့လာထားချက်အရ အမေရိကန်နိုင်ငံတွင် အိပ်ရင်းဟောက်တတ်သူ ၁၈သန်းကျော်ရှိကြောင်း၊ ၄င်းတို့သည် သွေးတိုးရောဂါနှင့် ယှဉ်တွဲဖြစ်ပေါ်တတ်ပြီး ဦးနှောက်သို့သွေးအရောက်နည်းကာ ဦးနှောက်၏ပုံမှန်စွမ်းရည်ကို ကျဆင်းစေပြီး လေဖြတ်ခြင်း၊ အိပ်ရင်း အသက်ဆုံးရှုံးတတ်ခြင်းတို့ပါ ဖြစ်တတ်ကြောင်း၊ ပုံမှန်မဟောက်တတ်သူများထက် ဟောက်တတ်သူများသည် ထိုသို့ဖြစ်ရန် သုံးဆခန့် အခွင့်အရေးပိုရှိကြောင်း လေ့လာထားကြပါသည်။

နောက်သတင်းတစ်ပုဒ်ကတော့ ပန်းနာရင်ကျပ်ရောဂါရှိသူများအတွက် ဝမ်းသာစရာသတင်းတစ်ပုဒ်ပါ။ ယခင်က ပန်းနာရင်ကျပ်ရောဂါကို စားဆေး၊ ထိုးဆေး၊ ရှူဆေးနှင့်သာ ကုသခံရကြောင်း၊ ယခုကနေဒါနိုင်ငံ Montreal Chest Institute မှ ဆရာဝန်များ၏ လေ့လာချက်အရ Bronchial Thermoplasty ခေါ် အသက်ရှူပြွန်ထဲသို့ (Heat Energy) အပူအားဖြင့်ကုသခြင်းဖြင့် ယင်းအသက်ရှူလမ်းကြောင်းသည် ကျဉ်းမသွားတော့ဘဲ ပန်းနာရင်ကျပ်ဝေဒနာမှ လုံးဝ ပျောက်ကင်းနိုင်ကြောင်း ကြေညာထားလေသည်။ ပန်းနာရင်ကျပ်သည် အသက်ရှူလမ်းကြောင်းမှ အသက်ရှူပြွန်ငယ်များ၏ နံရံရှိ Smooth Muscle များ ကျုံ့ဝင်ခြင်းကြောင့် ဖြစ်ရခြင်းဖြစ်လေသည်။

ယခင်ကပင် အသက်ကြီးသူ မိခင်လောင်းများ ကိုယ်ဝန်ဆောင်လျှင် Down's Syndrome ခေါ် မွေးရာပါလူစဉ်မမီသော ကလေးများမွေးနိုင်ကြောင်း လေ့လာသိရှိခဲ့ကြပါသည်။ ယခုမူ ထိုသို့မဟုတ်ကြောင်း အသက်ကြီးပြီး နောက်ကျမှ ကိုယ်ဝန်ဆောင်သူများတွင် ပထမသားဦးတွင်သာ အနည်းငယ် ယင်းသို့ မွေးနိုင်ခြေရှိသော်လည်း ဒုတိယနှင့် တတိယကလေးကို ဆက်တိုက်မွေးပါက အန္တရာယ်မရှိနိုင်တော့ကြောင်း၊ အသက်ပင်ငယ်လင့်ကစား ပထမသားဦးနှင့် ဒုတိယကလေးငယ်မွေးဖွားမှုအချိန် ကွာဟမှုသာ အရေးကြီးကြောင်း အချိန်ကွာလေ ထိုကလေးမျိုးမွေးရန် အခွင့်အလမ်းပိုရှိလေဖြစ်ကြောင်း ဂျာမနီနိုင်ငံ Essen University Hospital မှ သုတေသနပြုထားချက်ကိုလည်း တင်ပြလိုက်ရပါသည်။

နောက်သတင်းတစ်ခုမှာ မျက်စိနှင့် ပတ်သက်နေပါသည်။ ယခင်က ကလေးများတွင် မျက်စိတစ်ဖက်အကောင်းပကတိဖြစ်၍ ကျန်တစ်ဖက်မှာ မျက်စိမှုန်ရောဂါရှိနေသည်ကို ကလေးရှစ်နှစ် အရွယ်မတိုင်မီ ကုသမှုမခံရပါက ယင်းမှုန်နေသောမျက်စိသည် တစ်သက်လုံး ပြန်၍အမြင်အာရုံမကောင်းနိုင်ဟု ယူဆခဲ့ကြသည်။ ယခုမူ ထိုအယူအဆမှာမမှန်တော့ဘဲ ဩစတြေးလျနှင့် တရုတ်ဆေးပညာရှင်တို့၏ ပူးတွဲလေ့လာချက်အရ အသက်ရှစ်နှစ် နောက်ပိုင်းတွင်လည်း ၄င်းတို့ သတ်မှတ်ချက်အတိုင်း စနစ်တကျလေ့ကျင့်ပေးနိုင်ပါက ၁၀ရက်မှ တစ်နှစ်အတွင်း မျက်စိအမြင်အာရုံ ၉၀ရာခိုင်နှုန်းအထိ ပြန်ကောင်းနိုင်ကြောင်း တွေ့ရှိချက်ဖြစ်ပါသည်။

အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးသိပ္ပံပညာရှင်တို့က အမျိုးမျိုး လေ့လာခဲ့ကြရာ လေ့လာချက်အားလုံးမှ ပေါ်ထွက်လာသော အဖြေများအရ လူတစ်ယောက်တွင် ရောဂါတစ်ခုကပ်ငြိနိုင်စရာ အခြေခံအကြောင်းတရားများမှာ မပြောင်းမလဲရှိခဲ့ကြပါသည်။ ၄င်းမှာ လူတစ်ဦးသည်-

(၁) ဆေးလိပ်သောက်ခြင်း
(၂) အရက်အလွန်အကျွံသောက်ခြင်း
(၃) အဝလွန်ခြင်း
(၄) ကိုယ်လက်လှုပ်ရှားမှု (လေ့ကျင့်ခန်း) မှန်မှန်မလုပ်ခြင်း
(၅) အစားအာဟာရ မျှတစွာမစားသုံးခြင်း (အသားဓာတ်၊ အဆီဓာတ်၊ ကစီဓာတ်)
(၆) အသီးအရွက်များ အစားနည်းခြင်း
(၇) အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း
(၈) လေထုညစ်ညမ်းသော ပတ်ဝန်းကျင်တွင် အလုပ်လုပ်နေရခြင်း စသောအချက်များကြောင့် ရောဂါများနေရခြင်းဖြစ်ကြောင်း သတ်မှတ်ခဲ့ကြပါသည်။

နောက်သတိထားရန်အချက်မှာလည်း လူတို့သည် အသက် ၄၀အရွယ်တွင် ၂၀ရာခိုင်နှုန်း၊ အသက် ၆၀အရွယ်တွင် ၆၀ရာခိုင်နှုန်းနှင့် အသက် ၈၀အရွယ်တွင် ၈၀ရာခိုင်နှုန်းခန့် သွေးတိုးဖြစ်နိုင်ရန် အခွင့်အရေးရှိကြောင်းလည်း သိထားရန်လိုပါသည်။

သက်ရှည်ကျန်းမာဖို့အတွက် အမေရိကန်နိုင်ငံ Los Angeles မြို့ Preventive Medical Research Centre မှ သုတေသနပြု တင်ပြထားသည့် ကျန်းမာအောင် နေထိုင်နည်းအချက် (၁၀)ချက်ကိုလည်း အလျဉ်းသင့်၍ တင်ပြလိုပါသည်။ လူတစ်ဦးသည်-

(၁) တစ်နေ့တွင် အနည်းဆုံး မိနစ်၃၀ လမ်းလျှောက်ခြင်း
(၂) သွေးတိုးနှုန်း (Blood Pressure)ကို ပုံမှန် ၁၁၅/၇၅ လောက်ရှိအောင်ထားခြင်း
(၃) နေ့စဉ် ပဲတစ်အောင်စ မှန်မှန်စားခြင်း (ပဲ၏စွမ်းအင်မှာ HDL ခေါ် အဆီဓာတ်အကောင်းအား တိုးပွားစေခြင်း၊ ရောင်ရမ်းမှုကို လျော့စေခြင်း၊ ၄င်းတွင် ကိုယ်ခန္ဓာအတွက် အကျိုးရှိသော OMEGA 3 Fatty Acid နှင့် Protein Fibre တို့ ပါဝင်နေခြင်းကြောင့်ဟု ဆိုပါသည်။)
(၄) မိမိ၏ သွေးထဲရှိ အဆီဓာတ်တွင် HDL ကို များအောင်ထား၍ LDL ကို နည်းအောင်ထားခြင်း
(၅) ခရမ်းချဉ်သီးဖျော်ရည် ၁၀ဖွန်းခန့် နေ့စဉ်သောက်ခြင်း
(၆) သွားနှင့် ခံတွင်းကို သန့်ရှင်းအောင်ထားခြင်း (အိပ်ရာမဝင်မီနှင့် အိပ်ရာထ တစ်ကြိမ်သွားတိုက်ခြင်း)
(၇) အဆီကို တစ်နေ့ ဂရမ် ၂၀ထက် ပိုအောင်မစားခြင်း
(၈) သကြားဓာတ်များသော အချိုအစားအစာများကို တတ်နိုင်သရွေ့ ရှောင်ခြင်း (သကြားဓာတ်သည် အစာအိမ်အား ပတ်တွယ်ထားသည့် Omentum ခေါ် အမြှေးပါးအား ရောင်ရမ်းစေခြင်းဖြင့် ရောဂါတစ်ခုခု စတင်စေခြင်းကြောင့် ဖြစ်ပါသည်။)
(၉) ဝိုင်အရက်တစ်ခွက်မျှကို ပုံမှန်သောက်ပေးခြင်း
(၁၀) အသီးအနှံနှစ်မျိုးခန့်ကို နေ့စဉ်ပုံမှန်စားသုံးပေးခြင်းတို့ဖြစ်ပါသည်။

ဖော်ပြပါအချက်များမှာ သုတေသီတို့က လေ့လာချက်ပေါင်းမြောက်မြားစွာပေါ် အခြေခံ၍ အကြံပြုထားခြင်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ပရိညာသုံးပါး** တရားတော် (ဘဒ္ဒန္တ ခေမာစာရ အောင်ခေမာဆရာတော်)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၈:၃၀ Premier League Highlight (Match 20)
၈:၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၂၀ Activities in the City (မြန်မာဘရူဝါရီလီမိတက်၏ သွေးလှူဒါန်းပွဲ)
၉:၃၀ Global Panorama
၁၀:၃၅ ဖန်ခါးမြေမှ ရတနာ
၁၀:၅၀ International Show Biz
၁၁:၀၅ နည်းပညာ သစ်ဆန်း MSP အစွမ်း
၁၁:၂၅ ကိုယ်ပိုင်ဟန် ဖက်ရှင် (ပုလဲဖြင့် ခရစ်စတယ် ဆွဲကြိုးနှင့် လက်ကောက်ပြုလုပ်ပုံ)
၁၁:၄၀ မေတ္တာသည်သာ တတ်စွမ်းနိုင်တာ
၁၁:၅၅ စာအုပ်ပြခန်း (Perfect မဂ္ဂဇင်း)
၁၂:၁၀ မြေလတ်ရဲ့ ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၁၂:၂၅ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အီကလဲယား မုန့်လုပ်နည်း)
၁:၀၀ **ပရိညာသုံးပါး** တရားတော် (ဘဒ္ဒန္တ ခေမာစာရ အောင်ခေမာဆရာတော်)
၂:၀၀ MRTV-4 သတင်း
၂:၄၅ ထာဝရ ရှင်သန်တောက်ပဆဲ အနုပညာ ကြယ်ကြွေပွင့်များ စာရေးဆရာ တာရာမင်းဝေ၏ သူငယ်ချင်းများနှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
၃:၁၅ ခေတ်မီ ပျားမွေးမြူရေးလုပ်ငန်း (ပျားဘုရင်မမွေးမြူရေး)
၃:၃၅ ထူးထွေဆန်းပြား အနုပညာ ကျွမ်းဘား
၃:၄၅ နည်းပညာ သစ်ဆန်း MSP အစွမ်း
၄:၁၀ MEGA STAR TALK ဇော်ဝင်းထွဋ်နှင့်တွေ့ဆုံခြင်း (အပိုင်း-၂)
၄:၄၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (ပုလဲဖြင့် ခရစ်စတယ်ဆွဲကြိုးနှင့် လက်ကောက်ပြုလုပ်ပုံ)
၄:၅၀ ဖန်ခါးမြေမှ ရတနာ
၅:၀၅ Activities in the City (မြန်မာဘရူဝါရီ လီမိတက်၏ သွေးလှူဒါန်းပွဲ)
၅:၂၅ အသွင်ပြောင်းစေမည့် Fiber Tech
၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ International Show Biz
၆:၄၀ အနုပညာ မိုးကောင်းကင်
၇:၀၅ MEGA STAR TALK ဇော်ဝင်းထွဋ်နှင့် တွေ့ဆုံခြင်း (အပိုင်း-၂)
၇:၄၀ စာအုပ်ပြခန်း (Perfect မဂ္ဂဇင်း)
၈:၀၀ MRTV-4 သတင်း
၈:၃၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာ ကြယ်ကြွေပွင့်များ စာရေးဆရာ တာရာမင်းဝေ၏ သူငယ်ချင်းများနှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
၉:၀၀ အနုပညာ မိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၀:၀၀ ဆေးသုတေသန (အောက်မြန်မာပြည်)၏ အောင်မြင်မှု (မြွေပွေးဆိပ်ဖြေဆေး)
၁၀:၂၀ မြန်မာမှုလက်ရာ ပန်းတဉ်းပညာ
၁၀:၅၀ အသွင်ပြောင်းစေမည့် Fiber Tech
၁၀:၅၅ နေရောင်ခြည်မှသည် လျှပ်စစ် စွမ်းအင်ဆီသို့....
၁၁:၁၅ **ဝါသီးက ရွှေသီးဖြစ်ပြီ** ဖြိုးငွေစိုး၊ ကောင်းခန့်၊ ပပဝင်းခင်၊ ခိုင်ငြိမ်းငြိမ်းစံ [ဒါရိုက်တာ-ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
၁၁:၄၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Man City- Blackburn	ESPN(Live)
၂:၂၄	Man City- Blackburn	MRTV-4(Live)

မုံရွာမြို့ သံဃာ့ဆေးရုံ အဆောက်အအုံသစ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၃ရက်က စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသော သံဃာ့ဆေးရုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးဦးစီးဌာနသို့ ပေးအပ်လှူဒါန်းပွဲ အခမ်းနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ဖွင့်ပွဲအခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိနေရာယူကြပြီး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်ရှိန်နှင့် အလှူရှင်ဦးစိန်လှိုင်တို့က သံဃာ့ဆေးရုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူးက သံဃာ့ဆေးရုံသစ်ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး (**အပေါ်ယာပုံ**) ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်ပြီး တိုင်းမှူးသည် သံဃာ့ဆေးရုံသစ်ယာယီမဏ္ဍပ်၌ ကျင်းပသော သံဃာ့ဆေးရုံသစ်ကို ကျန်းမာရေးဦးစီးဌာနသို့ ပေးအပ်လှူဒါန်းခြင်းနှင့် ဆေးရုံသုံးပစ္စည်းများနှင့် ငွေပဒေသာပင်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားခဲ့ပြီး အလှူရှင်မှလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ တိုင်းမှူးသည် အလှူရှင်မှ လှူဒါန်းသည့် သံဃာ့ဆေးရုံသစ်အား ကျန်းမာရေးဦးစီးဌာနသို့ ပေးအပ်ပြီး စာရွက်စာတမ်းများအား လည်းကောင်း၊ ဆေးရုံသုံးပစ္စည်းများနှင့် ငွေပဒေသာပင်များအား လည်းကောင်း လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်မြင့်က လှူဒါန်းမှုများနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းသံဃာ့ဆေးရုံကို ငွေကျပ်သိန်း ၈၀၀ကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဆေးရုံအပါအဝင်ဆေးရုံသုံးပစ္စည်းများနှင့် ငွေပဒေသာပင်များအတွက် စုစုပေါင်းလှူဒါန်းငွေမှာ ကျပ် သိန်း၁၇၈၀ကျော်ဖြစ်ကြောင်း သိရှိရသည်။

ပြီးစီးမှု

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မုံရွာမြို့အတွက် ဗိုလ်ချုပ်လမ်း၊ အောင်ဇေယျလမ်းနှင့် ဘုရင့်နောင်လမ်းဆုံရာ၌ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဆောင်ရွက်ထားရှိသော အောင်မင်္ဂလာအဝိုင်း တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် လမ်းဘေး ပလက်ဖောင်းတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ပြည်လုံး၌ သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီ စင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

သားပျက်သားလျှော ကုသခြင်းဆိုင်ရာ အသိပေးဆွေးနွေးခြင်းနှင့် ဆင့်ပွားသင်တန်းဖွင့်ပွဲ

နေပြည်တော် ဇန်နဝါရီ ၁၀

နေပြည်တော်တပ်ကုန်း မြို့နယ်တွင် ၂၀၀၉ ခုနှစ် သားပျက်သားလျှောကုသခြင်းဆိုင်ရာ အသိပေးဆွေးနွေးခြင်းနှင့် ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ရက် နံနက်ပိုင်းက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အဆိုပါ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝါဝါညွန့်ရွှေက သားပျက်သားလျှောပြုစုကုသခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် မျိုးဆက်ပွားကျန်းမာရေး စီမံချက်မှ ကွင်းဆင်းအရာရှိ ဒေါက်တာမြင့်မြင့်သန်းက လက်ရှိအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ (NGO)အဖွဲ့အစည်းများနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

နှမ်းစပါးစိုက်ပျိုးရေး တန့်ယန်းမြို့နယ်၌ စီမံကိန်းတာဝန်ပေးအပ်

တန့်ယန်း ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ၂၀၀၉-၂၀၁၀ခုနှစ် နှမ်းစပါးစိုက်ပျိုးရေးအတွက် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၁၅ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူရက မြို့နယ်အတွင်း နှမ်းစပါးစိုက်ပျိုးရေးအတွက် အမှာစကားပြောကြားပေးပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးမြင့်က ၂၀၀၉-၂၀၁၀ခုနှစ် နှမ်းစပါးစိုက်ပျိုးရေးနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

လက်ခံယူ

ယင်းနောက် ၂၀၀၉-၂၀၁၀ ခုနှစ် နှမ်းစပါးစိုက်ပျိုးရေး စီမံကိန်းတာဝန်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပေးအပ်ရာ နယ်မြေမှူးများက လက်ခံယူကြသည်။

ထို့နောက် ၂၀၀၈-၂၀၀၉ခုနှစ်အတွင်း နှမ်းစပါးစိုက်ပျိုးမှုအတွက် ဆုရတောင်သူများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ကာ ဆုရတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

I.E.M ကုမ္ပဏီလီမိတက် ပြခန်း ကုန်စည်ပြပွဲတွင် ပါဝင်ပြသ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Smart Business Group က ကြီးမှူး၍ Yangon Expo' 2010 ကုန်စည်ပြပွဲကို ဇန်နဝါရီ ၁၁ရက်အထိ ပြသလျက်ရှိရာ I.E.M Company Limited ပြခန်းကလည်း ပါဝင်ပြသလျက်ရှိသည်။

ပြသလျက်ရှိ

I.E.M Co., Ltd. က မီးစက်များ၊ အိန္ဒိယနိုင်ငံထုတ် Pure Sinewave Inverter, Online UPS Home UPS, sealed Maintenance Battery, Battery Equalizer နှင့် Safeguards [(PPS)] Power Protection System] နှင့် ဗီယက်နမ်နိုင်ငံထုတ် Auto Voltage Stabilizer, extension Sockets တို့ကို ပြသလျက်ရှိသည်။

ကြာရှည်

Su Kam အမှတ်တံဆိပ် Pure sinewave Commercial UPS (fusion series) 2.5,3.5, KVA/48 Volt UPS သည် ကမ္ဘာ့အဆင့်အတန်းမီ နည်းပညာဖြစ်သော DSP Sinewave Technology ကို အသုံးပြုထားသည်။ Fusion series Home UPS တွင် Inverter mode (သို့) UPS mode ကို Selector switch ဖြင့် ရွေးချယ်အသုံးပြုနိုင်ပြီး UPS mode တွင် Air con နှင့် Computer များကို လျှပ်စစ်ဓာတ်အား ပြတ်သွားချိန်တွင် ပြတ်ကျမှုမရှိဘဲ ဆက်လက်အသုံးပြုနိုင်သည်။ ထို့အပြင် Battery အားသွင်း စနစ်သည်လည်း (Fuzzy logic Control) စနစ်ကို အသုံးပြုထားသဖြင့် Battery အိုးများ သက်တမ်း ကြာရှည်သည်။

ထို့အတူ Customer များ၏ လျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ရုတ်တရက် ဗို့အားကျခြင်း၊ တက်ခြင်းများကိုလည်း ကာကွယ်ဖြတ်တောက်ပေးသည်။ အလားတူ Su Kam Safeguard များသည် အဝင်ဗို့အားများလွန်းခြင်း၊ နည်းလွန်းခြင်းများကို 15ms မှ 20ms အတွင်းဖြတ်တောက်ပေးနိုင်သော Protection System ပါရှိပြီး အဝင်ဗို့အားကိုလည်း 175v မှ 250v အတွင်းအသုံးပြုနိုင်ပြီး Delay time ကို 3sec မှ 5min အထိ လိုအပ်သလို အချိန်ညှိသုံးစွဲနိုင်သည်။ Safe guard (PPS) ကို 6amp နှင့် 16amp နှစ်မျိုး ဝယ်ယူရရှိနိုင်သည်။ ဗီယက်နမ်နိုင်ငံလုပ် AVS များမှာလည်း အဝင်ဗို့အား 50v/90v/150v အထိ ကျခံနိုင်ပြီး အထွက်ဗို့အား 220v ကို ထိန်းညှိပေးသည်။ Servo motor Control စနစ် အသုံးပြုထားသည်။

ရရှိနိုင်

ယင်းပစ္စည်းများကို I.E.M Co., Ltd. အမှတ် (၁၅)အရှေ့မြင်းပြိုင်ကွင်းလမ်း တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၆၀၆၄၊ ၅၄၃၀၃၇၊ ၀၉-၅၁-၈၈၅၆၈၊ ၀၉-၅၁-၈၁၄၃၂၊ အရောင်းပြခန်း A01 အမှတ် (၇၈) မြေညီထပ် ကျိုက္ကဆံလမ်း တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၄၃၀၀၄၃၊ ၀၉-၈၅-၅၃၀၀၄၊ မန္တလေးမြို့ အခန်းအမှတ် (စီ-၁/စီ-၂) ပြည်သူ့ဆောက်လုပ်ရေးတိုက်တန်း ရန်ကုန်-မန္တလေးလမ်းမကြီး ချမ်းမြသာစည်လေဆိပ်အနီး မန္တလေးမြို့ ဖုန်း-၀၂-၇၁၃၉၅၊ ၀၉-၅၀-၁၀၉၇၉၊ ၀၉-၅၀-၃၆၀၉၅နှင့် အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ရရှိနိုင်သည်။ **(သတင်းစဉ်)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သော မြို့ပတ်လမ်း ကတ္တရာလမ်းဘေးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နောင်ချိုမြို့နယ်၌ သီတဂူ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

နောင်ချို ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် နောင်တောကျေးရွာအုပ်စု ယာပြင်ကျေးရွာ၏ 'သီတဂူ' စာကြည့်တိုက် အဆောက်အအုံသစ်ကို ဒီဇင်ဘာ ၁၉ရက် နံနက် ၁၁နာရီက အဆိုပါ အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) ဒုတိယရဲမှူး မြင့်ကြိုင်က ဦးဆောင်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းထွေးနှင့် ယာပြင်ကျေးရွာဥက္ကဋ္ဌ ဦးသိန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ၎င်းစာကြည့်တိုက် အဆောက်အအုံကို ကျေးရွာမှ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ပြီး ငွေကျပ်၁၄သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ပြခန်း

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် Yangon Expo' 2010 ကုန်စည်ပြပွဲ၌ I.E.M Company Limited ပြခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

အထက (၆) ဗိုလ်တထောင်(ယခင်စိန့်ပေါလ်) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

နှစ်စဉ်ကျင်းပလျက်ရှိသော အထက(၆)ဗိုလ်တထောင် (ယခင်စိန့်ပေါလ်) ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အထက (၆) ကျောင်းဝင်းအတွင်းရှိ ဘတ်စကက်ဘော အားကစားကွင်း၌ မတ် ၂ရက် (အင်္ဂါနေ့) တောင်သူလယ်သမားနေ့တွင် ကျင်းပမည်ဖြစ်သည်။ မြတ်ဆရာများအား ပူဇော်ကန်တော့လိုသော ကျောင်းသားဟောင်းများသည် ဦးမောင်မောင်အေး (ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး) ဖုန်း-၀၁-၂၂၇၃၂၂ ၊ ၀၁-၂၂၈၅၁၆၊ ဦးသိန်းဆွေ (မြန်မာ့နဝရတ်မျက်မှန်ဆိုင်) ဖုန်း-၀၁- ၂၄၁၂၂၄၊ ဦးကျော်ဝင်း (ရွှေသံလွင်) ဖုန်း-၀၁-၂၀၀၃၁၀၊ ဦးညီညီမြင့် ဖုန်း-၀၁ -၂၉၆၂၀၃၊ ဦးမျိုးမင်း (ရင်တွင်းဖြစ်) ဖုန်း-၀၉-၅၀-၁၀၆၀၅၊ ဦးသက်ချိုဦး (လစ်ဘရယ်အပ်ချုပ်ဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး) ဖုန်း-၀၉-၅၀-၁၆၀၅၇၊ ဦးသက်တင် ဖုန်း-၀၁-၂၉၆၃၈၉၊ ဦးတေဇာအောင်လွင် ဖုန်း-၀၉-၅၁-၃၃၃၇၁၊ ဦးရန်နောင်စိုး ဖုန်း-၀၁-၃၉၇၀၃၆ ၊ ၂၉၁၉၁၁၊ ဦးအောင်လင်းထွဋ် ဖုန်း-၀၉-၈၆-၁၂၀၀၆၊ ဦးနေသူထွန်း ဖုန်း-၀၁-၂၉၇၀၁၆၊ ဆရာဦးကြည်ရှိန် ဖုန်း-၀၁-၃၉၆၅၁၂၊ ဆရာမဒေါ်မြမြ ဖုန်း-၀၁-၆၄၄၇၄၀နှင့် ဆရာမဒေါ်မေမေသင်း ဖုန်း-၀၁-၂၂၉၀၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

၁၉၆၃-၂၀၀၉ ခုနှစ်အထိ အထက(၆) ဗိုလ်တထောင် (ယခင်စိန့်ပေါလ်) ကျောင်းသားဟောင်းများအားလုံး မြတ်ဆရာပူဇော်ပွဲကို တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇန်နဝါရီ ၁၀

ကျွန်းလှမြို့၌ စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

ရွှေဘိုခရိုင် ကျွန်းလှမြို့၌ ဒီဇင်ဘာတတိယပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အား/ကာဦးစီးအရာရှိ ဦးအောင်သူနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း ဆင်နွှဲကြသည်။

(မြို့နယ် ပြန်/ဆက်)

ဆေးဝါးအတုများ ရောင်းချမှုမရှိရေး စဥ့်ကူး၌စစ်ဆေး

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်ရှိ ဆေးဆိုင်များတွင် ဆေးရောင်းချခွင့်လိုင်စင် စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးအတုများရောင်းချခြင်းမပြုစေရေးတို့အတွက် ဒီဇင်ဘာ၇ရက် မွန်းလွဲ၂နာရီက ရပ်ကွက်(၁)နှင့် (၂)တို့သို့ မြို့နယ်ဒုတိယဦးစီးမှူး ဦးမျိုးမင်းစိုး၊ မြို့နယ်ပြည်သူ့ဆေးရုံ လက်ထောက်ဆရာဝန် ဒေါက်တာပပဝင်း၊ ဒေါက်တာနွယ်နီလင်းနှင့် ကျန်းမာရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနားမြို့ သန့်ရှင်းသာယာရေး ဆောင်ရွက်

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများသည် နိုဝင်ဘာ ၅ရက်က ရုံးဝင်းအတွင်းစိုက်ပျိုးထားသော ဂျပန်မြက်ခင်းလှပရေးအတွက် မြေဆွခြင်း၊ ရာသီပန်းများအစားထိုးစိုက်ပျိုးခြင်း၊ ရုံးရှေ့၊ ရုံးနောက်ရှိ ရေမြောင်းများ ရေမဝပ်စေရေးနှင့် ခြင်၊ ယင်မပေါက်ပွားစေရေးတို့အတွက် အမှိုက်များရှင်းလင်းခြင်းတို့ကို မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးက ကြီးကြပ်ဆောင်ရွက်ပေးသည်။

(ပြည်နယ် ပြန်/ဆက်)

မိုးညှင်း၌ တိုင်းရင်းဆေးကုဌာနခွဲဖွင့်

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနက ကြီးမှူးကျင်းပသည့် တိုင်းရင်းဆေးကုဌာနခွဲဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ဘီလူးကျေးရွာ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်စိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်နှင့် မြို့နယ်ဒုတိယတိုင်းရင်းဆေးမှူး ဦးအောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဖလမ်း၌ ကလေးပြပွဲပြိုင်ပွဲ ဆုချီးမြှင့်

ဖလမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ကျင်းပရာ ဆုရရှိသူများအား ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်သိန်းနှင့်အဖွဲ့ဝင်များက ဆုများချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် အောင်မေတ္တာလမ်းနေ ဦးတင်လှိုင်-ဒေါ်နုနုမိသားစုတို့က သား မောင်သန်းလှိုင် (ခေတ္တကိုရီးယား)မွေးနေ့အထိမ်းအမှတ် အဖြစ် တစ်နေ့စာအထူးအာဟာရအတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ယောနယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ယောနယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ကျောက်တံတားမြို့နယ် လမ်း ၄၀၊ အမှတ် ၂၀၂၊ တတိယထပ် ယောနယ်အသင်း ခန်းမ၌ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၏ အသက် ၇၀နှင့်အထက်မိဘ၊ ဘိုးဘွားများ၊ ၂၀၀၈-၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများနှင့် ၂၀၀၈-၂၀၀၉ ဘွဲ့ရ၊ ဘွဲ့လွန်ရရှိသူ ရန်ကုန်တိုင်းအတွင်းမှ အသင်းဝင်သားသမီးများသည် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထားပြီး ဥက္ကဋ္ဌဦးအေးမောင် အမှတ် ၆၉၊ လမ်း ၃၀၊ ဖုန်း-၂၄၀၆၁၄၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြ အမှတ် ၁၄၀၊ ၃၇လမ်း၊ ဖုန်း-၃၈၆၄၄၇နှင့် အတွင်းရေးမှူး ဦးသာလှ အမှတ် ၉၀၊ ဆိပ်ကမ်းသာလမ်း ဖုန်း-၃၈၀၄၄၈တို့သို့ စာရင်းပေးပို့ရန်ဖြစ်ပြီး နှစ်ပတ်လည်အစည်းအဝေးတွင် ယောမုန့်တီနှင့် ယောမုန့်ညင်းဖူးသုပ်တို့ဖြင့် ဧည့်ခံမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ရန်ကင်းမြို့နယ် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၃ရက်က ကျင်းပရာ တတိယတန်းတွင်ပထမဆုနှင့် ကျောင်းတက်မှန်ဆုရ ကျောင်းသူ မပြည့်စုံကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာချို ဆုချီးမြှင့်စဉ်။

(ပညာရေး)

လွတ်လပ်ရေးနေ့ အခမ်းအနား သဲကုန်းမြို့တွင် ကျင်းပ

သဲကုန်း ဇန်နဝါရီ ၁၀

၂၀၁၀ခုနှစ် (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက်က သဲကုန်းအထက လွတ်လပ်ရေးကျောက်တိုင်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖတ်ကြား

ထို့နောက် ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နံနက် ၇နာရီက သဲကုန်းမြို့ အထက သာစုခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ၊ ဦးတင်မောင်ဝင်းက ဖတ်ကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌဦးတင်မောင်ဝင်း၊ မြို့နယ်ပညာရေးမှူးဦးရဲမြင့်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဂဝံလမ်းခင်း

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရွှေပေါက်ကံကျေးလက် ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၃၀ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးသိန်းလွင် စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

သံနန်းဆွဲအလုပ်ရုံကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

နေပြည်တော်ပျဉ်းမနားမြို့နယ် ရန်အောင်(၁)အုပ်စု အောင်မင်္ဂလာ(၂)လမ်းရှိ သံနန်းဆွဲအလုပ်ရုံမှ စက်သံများဆူညံမှုကြောင့် သက်ကြီးရွယ်အိုနှင့်ကလေးသူငယ်များ နားမခံနိုင်ခြင်း၊ လောင်စာနှင့်ဂက်(စ်)အိုးများ သိုလှောင်ထားခြင်းနှင့် ပြာများပျံ့လွင့်ခြင်းတို့ကြောင့် မီးဘေးအန္တရာယ်ရှိပြီး ကျန်းမာရေးထိခိုက်စေနိုင်ပါသဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးစိုးရိမ်သူ**

ကမ်းနားလမ်းညဈေးတန်း ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ပုသိမ်မြို့ ရပ်ကွက်(၂) နယ်မြေရှိ ညဈေးတန်းမှာ ကမ်းနားလမ်းတစ်ခြမ်း ပိတ်၍ဖွင့်လှစ်ထားသည့်အတွက် ပွင့်လင်းရာသီတွင် မီးသတ်ယာဉ်များ မောင်းနှင်ရန်ခက်ခဲခြင်း၊ နာရီအကန့်အသတ်မရှိ ဈေးရောင်းချသဖြင့် စားသောက်ဆိုင်များမှ သီချင်းသံများကြောင့် သက်ကြီးရွယ်အိုများ အိပ်မရခြင်း၊ အကြော်ဆိုင်၊ အသားကင်ဆိုင်များမှ အညှော်နံ့များ ရှူရှိုက်ရသဖြင့် ကျန်းမာရေး ထိခိုက်ရခြင်းတို့ကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ပုသိမ်သား**

ကားပြင်အလုပ်ရုံမှ ကားစက်သံဆူညံ

စာတည်းခင်ဗျား-

လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာဝန်းကျင်ရှိ ကားများရပ်နားရန်နေရာတွင် အမိုးအကာများ ဆောက်လုပ်ပြီး ကုန်ပစ္စည်းများရောင်းချခြင်း၊ ကားစက်ပြင်လုပ်ငန်းလုပ်ကိုင်ခြင်း၊ ကားပြင်အလုပ်ရုံမှ တစ်နေကုန် ကားစက်သံဆူညံခြင်းနှင့် ၄င်းကားပြင်စက်ရုံတွင် ခွေးလေခွေးလွင့်များ မွေးထား၍ ပတ်ဝန်းကျင်နေပြည်သူများ မကြာခဏခွေးအကိုက်ခံနေရပါ၍ လိုအပ်သလို ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

ရပ်ကွက်အတွင်းက ဝက်မွေးမြူရေး ကြပ်မတ်ပေးစေလို

စာတည်းရှင့်-

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၂)တိုးချဲ့ရပ်ကွက် ဇော်ဂျီလမ်းအတွင်း နေထိုင်သူ အချို့သည် နေအိမ်နှင့်ကပ်လျက် ဝက်များ စီးပွားဖြစ်မွေးမြူထားရာ ဝက်များ၏အနံ့ဆိုးများနှင့် ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်ကြသူများ စိတ်အနှောင့်အယှက်ဖြစ်ရသည့်အပြင် ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

လမ်းမပေါ်၌ ပျံကျဈေးရောင်းချနေသူ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

လှိုင်သာယာမြို့နယ် အမှတ်(၁၀)ရပ်ကွက် အနော်ရထာလမ်းမကြီးထိပ်နှင့် နတ်မောက်လမ်းမကြီးပေါ်တွင် တရားမဝင်ပျံကျဈေးသည်များ ခင်းကျင်းရောင်းချလျက်ရှိရာ ခရီးသည်များနှင့် ယာဉ်များသွားလာရန်ခက်ခဲရုံမျှမက ၄င်းတို့စွန့်ပစ်သော အမှိုက်များကြောင့် ရေစီးရေလာများပိတ်ဆို့ပြီး ကျန်းမာရေးထိခိုက်ရပါသည်။ ထို့အပြင် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရပါသဖြင့် ကျူးကျော်ဈေးသည်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာလိုသူ**

အိမ်နောက်ဖေးမြောင်းပိတ်ဆို့၍ သုံးထပ်အဆောက်အအုံဆောက်နေ

စာတည်းခင်ဗျား-

လှိုင်မြို့နယ် အမှတ်(၃)ရပ်ကွက် ၁၀လမ်းရှိ မိလ္လာလမ်းကြား၌ ဆောက်လုပ်ထားသော အဆောက်အအုံကို ယခုအခါခွင့်ပြုချက်မရှိဘဲ သုံးထပ်အဆောက်အအုံ(အာရ်စီ) ကွန်ကရစ်အခိုင်အမာဖြင့် အိမ်နောက်ဖေးရေစီးရေလာမြောင်းအား ပိတ်ဆို့၍ ဆောက်လုပ်နေပါသဖြင့် ရေပုပ်၊ ရေသိုး၊ အနံ့ဆိုးများနှင့်အတူ ရောဂါများဖြစ်ပွားနိုင်သောကြောင့် လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ စိုးရိမ်သူ

ကြက်တိုက်လောင်းကစားနေသူများအား အရေးယူပေးပါ

စာတည်းခင်ဗျား-

မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာအပိုင် လေထီးလမ်းထိပ်အနီးရှိ ခြံတစ်ခြံ၌ အပတ်စဉ်စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း ကြက်တိုက်၊ လောင်းကစားခြင်းကို နံနက်မှ ညနေအထိ ပြုလုပ်နေသောကြောင့် ပတ်ဝန်းကျင်မှပြည်သူများ အနှောင့်အယှက်ဖြစ်ကာ လူအများ အကျင့်စာရိတ္တပျက်ပြားနိုင်သောကြောင့် သက်ဆိုင်ရာမှ စိစစ်အရေးယူပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသားတစ်စု**

မီးလောင်လွယ်သောရေမြှုပ်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၈လမ်း ပလာဇာဈေးသစ်ကြီး အောက်ဆုံးထပ်တွင် ရေမြှုပ်များကို ဂိုဒေါင်သဖွယ်စုပုံထားရှိပြီး ရောင်းချနေ၍ လေဝင်လေထွက်မရှိဘဲ အသက်ရှူမဝသဖြင့် ကျန်းမာရေး ထိခိုက်ရပါသည်။ ထို့အပြင် မီးဘေးအန္တရာယ် စိုးရိမ်ရပါ၍ သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူဈေးသားများ

ညှော်နံ့ဆိုးများ ဖြေရှင်းဆောင်ရွက်ပြီး

၂၁-၁၂-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်ကြီးမြို့ ဟော်ကုန်းရပ်ကွက် မြတ်လေးလမ်းသွယ် အမှတ် ၇၅တွင် လက်ဖက်နှင့်အကြော်စုံရောင်းဝယ်ရေးလုပ်ငန်းမှ နေ့စဉ်အကြော်များကိုကြော်လျက်ရှိရာ ၄င်းမှထွက်ရှိသော ညှော်နံ့ဆိုးများကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ၏ ကျန်းမာရေးထိခိုက်နေပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

အစာကြိတ်စက်သံ နားမခံနိုင် ဆောင်ရွက်ပြီး

၉-၁၁-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ပလိပ်အုပ်စု ဘူတာကျေးရွာ ခြောက်လမ်းသွား လမ်းဘေးရှိ အစာကြိတ်လုပ်ငန်းမှာ နေ့စဉ်လုပ်ကိုင်နေသဖြင့် စိတ်အနှောင့်အယှက်ဖြစ်နေရ** ပေးစာနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေး ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်မင်းနိုင်(ခ)ကာကူး ၉/မကန(နိုင်) ၀၈၅၀၁၉နှင့် ကျွန်မ မစော်ဘီသား ၁၃/လလန(နိုင်) ၀၅၀၆၄၆တို့သည် မန္တလေးတိုင်းတရားရုံး၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်မင်းနိုင်-မစော်ဘီသား။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ အမှတ်(၁၆/၁)၊ ၁၄×၁၅လမ်းကြား၊ ၈၆လမ်းနေ
(ဗိုလ်ကြီးဘိုနီဝင်း)-ဒေါ်နန်းယုဝေတို့၏ သားငယ်
ဗိုလ်ကြီးညီထက်အောင် M.B.,B.S (D.S.M.A),
Cert in Surgery(S.M.A), M.Med. Sc (Surgery) 1 st Year
နှင့်
မကွေးမြို့၊ မကွေးတိုင်းရဲတပ်ဖွဲ့မှူးရုံးနေ
ဒုရဲမှူးကျော်ညွန့်လှိုင်-ဒေါ်မာမာတင်(ခ)ဒေါ်အမာတင်တို့၏ သမီးကြီး
မကျော့ကျော့လှိုင် B.Sc (Hons:), M.Sc (Physics)
Dip in G.T.I (E.P), Dip in English (M.U.F.L)

တို့သည် ၄-၁-၂၀၁၀ရက်တွင် နှစ်ဖက်သောမိဘများ၊ မကွေးတိုင်းရဲတပ်ဖွဲ့မှ ရဲမှူးကြီးဘကြည်နှင့်ဇနီး ဒေါ်အေးအေးသန်း၊ ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးညီထက်အောင်-မကျော့ကျော့လှိုင်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သီရိဇေယျာလမ်း၊
ခြံအမှတ်(၃)နေ
ဦးမြင့်စိုး-ဒေါ်ဖြူဖြူဂျမ်းတို့၏သား
မောင်ကောင်းမြတ်စိုး
နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒိုတိုက်(စီ)၊
အခန်းအမှတ် ၉၀၂နေ
ဦးအေးကျော်-ဒေါ်မရနှင်းဆီတို့၏သမီး
မမြချောစုအေး (Mra Chaw Su Aye)

တို့သည်၇-၁-၂၀၁၀ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကောင်းမြတ်စိုး-မမြချောစုအေး။

အမှတ် ၁၂၄ (အထူး) ယာဉ်လိုင်း ရန်ကုန်မြောက်ပိုင်းခရိုင်တွင် ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ စီမံမှုအောက် အမှတ်(၄)ဌာနခွဲ၏ အမှတ် ၁၂၄ (အထူး) ယာဉ်လိုင်းဖွင့်ပွဲကို ဇန်နဝါရီ ၇ရက် နံနက် ၁၀နာရီတွင် ရွှေပြည်သာမြို့နယ် ကွန်ပျူတာတက္ကသိုလ်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယာဉ်လိုင်းဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေလင်း၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးကျော်စွာစိုးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင်မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပြေးဆွဲမည်

အဆိုပါ မော်တော်ယာဉ်လိုင်းသည် ကွန်ပျူတာ တက္ကသိုလ် (ရွှေပြည်သာ) - အင်းစိန်ပန်းခြံ-လှည်းတန်း - ဆူးလေ - အမျိုးသား စီမံခန့်ခွဲမှုကောလိပ် ခရီးစဉ်အတိုင်း ပြေးဆွဲမည်ဖြစ်သည်။ **(၁၁၃)**

စာအုပ်စာပေ လူ့မိတ်ဆွေ

အမည်ပြောင်း

အဖဦးအောင်လှိုင်ဦး၏သား အထက(၁)ဒဂုံ စတုတ္ထတန်း(B)မှ မောင်ပိုင်စိုးခန့်အား မောင်ပိုင်ကောင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ပိုင်ကောင်းခန့်။

အထက(၁) ဒဂုံ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ ယနေ့ နံနက် ၉နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မိဘဆရာ အသင်းနာယကများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌဦးစိုးညွန့်နှင့် အဖွဲ့ဝင်များ၊ မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များ၊ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကိုကိုနှင့် ဆရာ ဆရာမများ၊ ဧည့်သည်တော်များ၊ မိဘများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အထက(၁) ဒဂုံသံစုံတီးဝိုင်းက တေးသံသာများဖြင့် တီးခတ်ဖျော်ဖြေပြီး ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကိုကိုနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌဦးစိုးညွန့် (တော်ဝင်နှင်းဆီ) တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆုများချီးမြှင့်

ထို့နောက် မိဘဆရာအသင်းနာယကများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ၊ ကျောင်းအုပ်ဆရာကြီး ဒေါက်တာ အောင်ကိုကိုတို့က မြန်မာတစ်နိုင်ငံလုံးတွင် ဒုတိယအဆင့်ရရှိသူ မမြတ်ဆုစံနှင့် ဒသမအဆင့်ရရှိသူ မအိမ့်ဖြူနှင်းအောင် အပါအဝင် ခြောက်ဘာသာ ဂုဏ်ထူးရှင် ၇၂ ဦးတို့အား အသီးသီး ဆုများချီးမြှင့်ကြသည်။

ထို့နောက် ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင်များကို ကျောင်းအုပ်ဆရာကြီးနှင့် မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များက ဆုများချီးမြှင့်ပြီး ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်းမှ ကျောင်းသား ကျောင်းသူများက အကအလှ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ ၂၀၀၈-၂၀၀၉ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများမှာ ၄၆၁ဦးရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကြို့ပင်ကောက်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ကြို့ပင်ကောက်မြို့နယ် အသင်း၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၀ရက် နံနက် ၉နာရီက ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း စည်ပင်သာယာရေးခန်းမ၌ ကျင်းပရာ အသင်းကန်တော့ခံ အသက်(၈၀)နှင့်အထက် အဘိုးအဘွားများ၊ အသင်းဂုဏ်ထူးဆောင် နာယကများ၊ အလုပ်အမှုဆောင်များ၊ ကြို့ပင်ကောက်မြို့မှ အသင်းသူ အသင်းသားများနှင့် ဆွေမျိုးများ၊ ရန်ကုန်မြို့မှ အသင်းသူ အသင်းသားများ စုံညီစွာ တက်ရောက်ကြပြီး အသင်းဥက္ကဋ္ဌ ဦးဝမ်းလှိုင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ သက်ကြီး အဘိုးအဘွားများအား ကန်တော့၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီးနောက် အသင်း၏ ၂၀၀၉ခုနှစ် အစီရင်ခံစာကို အတည်ပြုခြင်း၊ ၂၀၁၀ ခုနှစ်အတွက် အလုပ်အမှုဆောင်များကို အတည်ပြုခြင်းနှင့် ၂၀၀၉ခုနှစ် အခြေခံပညာအထက်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ကြသည်။ **(မြန်မာ့အလင်း)**

ပေါင်းတည်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ပေါင်းတည်အသင်း (ရန်ကုန်)၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃၁ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ အလုံလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ဇမ္ဗူရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးအသင်းသားများနှင့် ၂၀၀၈-၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ အတန်းစဉ် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် အသင်းဝင်သားသမီးများ အထောက်အထား အပြည့်အစုံဖြင့် ဇန်နဝါရီ ၂၀ ရက်နောက်ဆုံးထားပြီး ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၆၆၇၆၃၀၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း-၃၇၆၇၄၂၊ အတွင်းရေးမှူး ဦးအောင်မြင့် ဖုန်း-၆၄၆၈၇၆တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း အမှုဆောင်အဖွဲ့ ကနိုးဆော်ထားသည်။ **(၁၂၇)**

တောင်တွင်းကြီးမြို့ မြို့ပေါ်ရပ်ကွက်များ သန့်ရှင်းသော သောက်သုံးရေရရှိရေး ရေဖြန့်ဝေ

တောင်တွင်းကြီး ဇန်နဝါရီ ၁၀

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တောင်တွင်းကြီးမြို့ မြို့ပေါ်ရပ်ကွက်များအတွင်း သန့်ရှင်းသောသောက်သုံးရေ ပေးဝေဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၈ရက်က မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘကြည်ခေါင်းဆောင်သည့်အဖွဲ့က ကွင်းဆင်းစစ်ဆေးရာ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် တောင်တွင်းကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းတို့က သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာပေးဝေဖြန့်ဖြူးခြင်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သာကေတမြို့နယ် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က အဆိုပါကျောင်း အင်ကြင်းခန်းမ၌ ကျင်းပရာ ပဉ္စမတန်း(က)တွင် ပထမဆုရရှိသူ မသက်ရွှေရည်ထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

လှိုင်သာယာမြို့နယ် အမှတ်(၄) အလယ်တန်းကျောင်း၏ ၂၀၁၀ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က အဆိုပါကျောင်း၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်နွယ်က ကျောင်းတက်မှန်ဆု ရရှိသူ အလယ်တန်းပြဆရာမ ဒေါ်ခိုင်ခိုင်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ် ချီးမြှင့်စဉ်။

(ပညာရေး)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

* ✳ VOA, BBC - ရန်တိုက်ပေးနေသည်။
* ✳ RFA, DVB - သွေးထိုးနေသည်။
* ✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* ✳ နားမယောင်လေနဲ့ သတိထား။

နိုင်ငံတစ်ဝန်း ရေအရင်းအမြစ်စွမ်းအားရှိသော ဒေသနေပြည်သူများအတွက် တာဘိုင်နှင့် ဂျင်နရေတာများ ထုတ်လုပ်ပေးနေပြီ

နေပြည်တော် ဇန်နဝါရီ ၁၀

မကြာမီက သတင်းစာများတွင် ဖော်ပြခဲ့သောသတင်းတစ်ပုဒ်က ပြည်သူများကို စိတ်ဝင်စားစရာဖြစ်စေခဲ့သည်။ မိမိကိုယ်တိုင်လည်း စိတ်ဝင်စားသဖြင့် ယင်းသတင်းကို အကြိမ်ကြိမ်ဖတ်ရှုဖြစ်ခဲ့သည်။ ယင်းသတင်းမှာ အခြားမဟုတ်၊ မြန်မာနိုင်ငံ၌ **"ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာများ ထုတ်လုပ်သည့် စက်ရုံဖွင့်ပွဲ"** သတင်းပင်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

ရေအားလျှပ်စစ်တာဘိုင်နှင့်ဂျင်နရေတာစက်ရုံကို ဤသို့ ထည်ဝါစွာ မြင်တွေ့ရသည်မှာ စက်မှုနိုင်ငံ တည်ဆောက်ရေးအတွက် အားတက်ဖွယ်....။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

သတင်းဆောင်းပါး	- မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း	- တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု	- မာမာစိုး(မြန်မာ့အလင်း)

တာဘိုင်နှင့် ဂျင်နရေတာ အစိတ်အပိုင်းများကို ခေတ်မီစက်ကြီးများဖြင့် ဤသို့ စနစ်တကျ ထုတ်လုပ်လျက်ရှိသည်။ ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း)